ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (27-1-2004) (၄၁၂၈)

ဗာဟုသစ္စဥ္စ
တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာ မည်၏။



## ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ရက်တွင် မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများအတွင်း သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် မိမိတို့သွားမည့် အမျိုးသားရေးပန်းတိုင် ရောက်ရှိစေရမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့်ဆောင်ရွက် မွန်ပြည်နယ် အေးချမ်းသာယာသလို ကရင်ပြည်နယ်လည်း ငြိမ်းချမ်းသာယာမည့်ရောင်ခြည်များ စတင်တွေ့ရ အပြန်အလှန်နားလည်မှု လေးစားမှု ယုံကြည်မှု ရိုးသားဖြောင့်မတ်မှုများဖြင့် ကြိုးပမ်းမည်ဆိုလျှင် တစ်နိုင်ငံလုံး အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေး အပြည့်အဝ ရရှိဖြစ်ထွန်းလာမည်

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လိုက်ပါလျက် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှတစ်ဆင့် မော်လမြိုင်ခရိုင် ရေးမြို့သို့ ရောက်ရှိကြရာ မော်လမြိုင်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။



## ရေးတံတား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ် ရေးတံတားသို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရေးတံတား စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ရေးတံတားမှာ မော်လမြိုင်–ရေးလမ်းနှင့် ရေး–ထားဝယ်လမ်းအပိုင်းကို ဆက်သွယ်ပေးသည့် ရထားနှင့်ကား နှစ်မျိုးသွား တံတားဖြစ်သည်။

အဆိုပါ ရေးတံတား တည်ဆောက်ပြီးစီးသွားသဖြင့် အဆိုပါတံတားပေါ်မှ မော်လမြိုင်–ရေး–ထားဝယ် ရထား နေ့စဉ်ပြေးဆွဲလျက်ရှိသည်။ ကားလမ်းဖြင့်လည်း မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

မွန်ပြည်နယ် ရေးမြို့ရှိ မော်လမြိုင်–ရေးလမ်းနှင့် ရေး–ထားဝယ်လမ်းအပိုင်းကို ဆက်သွယ်ပေးသည့် ရထားနှင့်ကား နှစ်မျိုးသွားနိုင်သည့် ရေးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Watana Muangsook ခေါင်းဆောင်သော ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သုရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။

(သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး** H.E. Mr. Watana Muangsook **ခေါင်းဆောင်သော ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး** H.E. Mr. Watana Muangsook **ခေါင်းဆောင်သော ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ကြေးမုံ The Mirror

## စက်မှုကဏ္ဍ တိုးတက်ရေးအခြေခံနှစ် ကုန်ထုတ်လုပ်မှု အရှိန်အဟုန် မြှင့်ဆောင်ရွက်

၂၇–၁–၂၀၀၄ (အင်္ဂါနေ့)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးနှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေး တို့အတွက် ဘက်စုံ၊ ထောင့်စုံ ကဏ္ဍစုံတွင် စီမံကိန်းများ စနစ်တကျ ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ရှိလူဦးရေမှာ ၅၃ သန်းကျော် ရှိနေပြီဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများအတွက် အခြေခံအကျဆုံး အချက်မှာ စားဝတ်နေရေး ဖူလုံရေးပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရက ပြည်သူများ၏ စားဝတ်နေရေးဖူလုံပြည့်စုံစေရန် အစီအမံများကို ချမှတ်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်၏ လက်ရှိလူဦးရေ အတွက်သာမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာ ဖူလုံမှုရှိရေးအတွက် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်လာစေရန် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးဆိုင်ရာ အခြေခံ လိုအပ်ချက်များပြည့်စုံနေရန် လိုအပ်သကဲ့သို့ တိုင်းပြည်ချမ်းသာ ကြွယ်ဝရန်လည်း လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်း ခိုင်မာရေးအတွက် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် လာစေရန် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့် အခြားသော ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီး၌ ပြည်ပပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေးတို့ကိုလည်း နိုင်ငံတော်က တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ၂၀၀၃ခုနှစ် ဒုတိယနှင့် တတိယ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၂၃ရက်နေ့က အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ အမှတ် (၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် တက်ရောက်ပြီး ၂၀၀၄ခုနှစ် ပထမလေးလပတ်တွင် ကုန်ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီရေးအတွက် ကြိုးစား လုပ်ကိုင်ရေး၊ ၂၀၀၄–၂၀၀၅ခုနှစ်သည် စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အခြေခံနှစ်ဖြစ်၍ ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးများ မှာကြားခဲ့သည်။

နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံတော်အဖြစ် ထူထောင်ရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ အကြီးစားစက်မှုလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဌာနဖြစ်သည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ပဲခူးတိုင်း၊ ပဲခူးမြို့နယ်တွင် အင်းတကော်နယ်မြေ အလုပ်ရုံများ စီမံကိန်းကို တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အင်းတကော်စက်မှုနယ်မြေ အလုပ်ရုံများစီမံကိန်းတွင် မော်တော်ယာဉ်သုံး စက်ပစ္စည်းထုတ်လုပ်ရေး အလုပ်ရုံများ၊ မော်တော်ယာဉ်ရေတိုင်ကီအမျိုးမျိုး၊ ကားဘီးခွေအမျိုးမျိုးနှင့် သတ္တုဘယ်ယာရင်များကို ထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ စီမံကိန်းနှင့် အခြားသော စက်ရုံ၊ အလုပ်ရုံများကိုလည်း ဆက်လက် တည်ဆောက် လုပ်ကိုင်လျက်ရှိသည်။

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာနကလည်း ပြည်သူများ အတွက် လူသုံးကုန်ပစ္စည်းများထုတ်လုပ်ပေးနိုင်ရန် စက်ရုံသစ်များကို တိုးချဲ့တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည့် စက်ရုံ၊ အလုပ်ရုံများကို တစုတစည်းတည်း ထူထောင်ထားသည့် စက်မှုနယ်မြေကြီး တစ်ခုကို ကျောက်ဆည်နယ်မြေတွင် တွေ့မြင်ရသည်။ ကျောက်ဆည် စက်မှုနယ်မြေ အတွင်းတွင် ဘိလပ်မြေစက်ရုံများ၊ ဆန်စက်နှင့် ဖွဲနုဆီစက် စက်ရုံများ၊ လူသုံးကုန်ပစ္စည်းစက်ရုံများ၊ စက်မှုကုန်ကြမ်းထုတ်လုပ်သည့် စက်ရုံများကို ဖြန့်ကြက်တည်ဆောက် လုပ်ကိုင်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၀၄–၂၀၀၅ခုနှစ်သည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံနှစ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ထိရောက်စွာ အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်မည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်သည် လူအစုအပြုံလိုက် သေကျေပျက်စီးစေနိုင်သောလက်နက်များကို သဲကန္တာရဒေသတွင်လည်းကောင်း သို့မဟုတ် အီရတ်နိုင်ငံ၏ တောင်တန်းများအလယ်တွင်လည်းကောင်း ထုတ်လုပ်လိမ့်မည်မဟုတ်ကြောင်း၊ အကယ်၍ အီရတ်နိုင်ငံသည် တားမြစ်ထားသော လက်နက်များကို ထုတ်လုပ်ရန် ရည်ရွယ်ပါက ခေတ်မီစက်ရုံများတွင်သာ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ မိမိ၏ လက်နက်ရှာဖွေရေးအဖွဲ့သည် တားမြစ်ထားသော လက်နက်များ အီရတ်တွင် ရှိ၊ မရှိ မှုခင်းဆေးပညာအရ စစ်ဆေးလေ့လာမှုများ ပြုလုပ်ခဲ့ သော်လည်း အစုအပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက်များ ထုတ်လုပ်ခဲ့သည့် အထောက်အထားတစ်စုံတစ်ရာကိုမျှ မတွေ့ရှိရကြောင်း၊ ၂၀၀၃ ခုနှစ် ဇွန်လမှစ၍ အီရတ်တွင် လက်နက်ရှာဖွေစစ်ဆေးရေးအဖွဲ့ကို ဦးဆောင်ခဲ့သည့် ဒေးဗစ်ကေးက ပြောကြားသည်။

ဒေးဗစ်ကေးသည် မကြာသေးမီက အမေရိကန်လက်နက်ရှာဖွေရေးလုပ်ငန်း အကြီးအကဲတာဝန်မှ နုတ်ထွက်ခဲ့သူဖြစ်သည်။

အမေရိကန် မီဒီယာများသည် အီရတ်လူမျိုး သိပ္ပံပညာရှင်များကို ၂၀၀၃ ခုနှစ် နှောင်းပိုင်းက လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့ရာတွင် ဆက်ဒမ်ဟူစိန်အနေဖြင့် ပင်လယ်ကွေ့စစ်ပွဲ ပြီးဆုံးချိန်ကတည်းကပင် ၎င်း၏ လက်နက်များကို ဖျက်ဆီးပစ်ခဲ့ပြီးဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြသည်။




**စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲ ကျင်းပ**

ဇန်နဝါရီ ၂၅ ရက်က အီရတ်နိုင်ငံသို့ မြေပြင်တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန်ပြည်သူ ၆၀၀၀ ခန့်က ဆန့်ကျင်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

ဇန်နဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ ခါလီယာမြို့ရှိ အမေရိကန် စစ်စခန်းဝင်ပေါက်ဝ ကားဗုံးပေါက်ကွဲရာနေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)





## ကင်းလှည့်စောင့်ကြပ်

ဇန်နဝါရီ ၁၉ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



**ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများအား နေအိမ်ပေါ်မှကြည့်ရှု**

ဇန်နဝါရီ ၂၅ ရက်က ဘဂ္ဂဒက်မြို့တွင် လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို နေအိမ်ပေါ်မှနေ၍ အီရတ် အမျိုးသမီးတစ်ဦး ကြည့်ရှုနေစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*






ဇန်နဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ ဆာမာရာမြို့တွင် ကားဗုံးပေါက်ကွဲသည့်နေရာအား လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်သို့ရောက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအတွင်း စိတ်ဖိစီးမှုဖြစ်နေ အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုနှုန်း မြင့်မား

လန်ဒန် ဇန်နဝါရီ ၂၅

**အီရတ်သို့ရောက်ရှိနေသော အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးလျှင်တစ်ဦးသည် စစ်ပွဲလွန်ကာလ စိတ်ဖိစီးမှုဝေဒနာခံစားရဖွယ်ရာရှိကြောင်း အမေရိကန်စစ်ဘက်မှ အထက်တန်းစိတ်ပညာရှင် တစ်ဦးက ပြောကြားသည်။**

**— ပြန်ပို့ခဲ့ရ —**

ပြီးခဲ့သောနှစ် မတ်လအတွင်းက စတင်ခဲ့သည့် အီရတ်စစ်ပွဲတစ်လျှောက် အတွင်း အမေရိကန်စစ်ဘက်မှ အမျိုးသားနှင့် အမျိုးသမီး၆၀၀ကျော်တို့ကို စိတ်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် အမေရိကန်သို့ ပြန်ပို့ခဲ့ရကြောင်း သတင်းများ လွန်ခဲ့သောလက ထွက်ပေါ်လာသည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ စိတ်ဖိစီးမှုဝေဒနာ ခံစားနေရသော သတင်းမှာ နောက်ဆက်တွဲသတင်းအဖြစ် ဆက်လက်ထွက်ပေါ်လာခြင်း ဖြစ်ကြောင်းသိရသည်။

အီရတ်တွင် အမှုထမ်းနေသည့် အမေရိကန် တပ်ဖွဲ့ဝင် အနည်းဆုံး ၂၂ ဦးတို့သည် ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ကြသည်။

**— ယူဆနေကြ —**

ယင်းအနက်အများစုမှာ အမေရိကန် သမ္မတဘုရှ်က စစ်ပွဲပြီးသွားပြီဟု ကြေညာခဲ့သော မေ ၁ ရက် နောက်ပိုင်း သတ်သေခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။ တပ်ဖွဲ့ဝင်များအကြား ကိုယ့်ကိုယ်ကိုယ် သတ်သေနှုန်းထားမှာ ပုံမှန်နှုန်းထားထက် မြင့်နေသည်ဟု ယူဆနေကြသည်။

သို့ဖြစ်၍ ကာကွယ်ရေးဝန်ကြီးဌာနက ယခုကိစ္စကို အသေးစိတ်လေ့လာစုံစမ်းပြီး ဖော်ထုတ်နိုင်ရန် ကြိုးပမ်းလာသည့် အခြေအနေသို့ ရောက်ရှိခဲ့ရသည်။ သီတင်းပတ်အနည်းငယ်အတွင်း အဆိုပါလေ့လာချက်ကို ထုတ်ဖော်အသိပေးမည် ဖြစ်ကြောင်းသိရသည်။

လွန်ခဲ့သောနှစ်များအတွင်း အမေရိကန်စစ်ဘက်တွင် ဖြစ်ပွားခဲ့သည့် ပျမ်းမျှ ကိုယ့်ကိုယ်ကိုယ်သတ်သေနှုန်းမှာ တပ်ဖွဲ့ဝင် ၁၀၀၀၀၀လျှင် ၁၀ဒသမ ၅ ဦးမှ ၁၁ ဦးနှုန်းသာရှိသည်။

ယခုအခါ အီရတ်တွင် ဖြစ်ပွားနေသော သတ်သေနှုန်းမှာ တပ်ဖွဲ့ဝင် ၁၀၀၀၀၀လျှင် ၁၃ ဒသမ ၅ ဦးနှုန်းအထိ တက်လာသည်ကို တွေ့ရသည်။

သာမန်အားဖြင့် မများဟု မြင်ရသော်လည်း စာရင်းအင်းသဘောအရ ထူးခြားသည့် အသွင်ကို ဆောင်နေသည်ဟု ဆိုသည်။

စိတ်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် အမေရိကန်သို့ ပြန်ပို့ရသော တပ်ဖွဲ့ဝင် အရေအတွက်သည်လည်း မေ ၁ ရက် နောက်ပိုင်းတွင် ပိုမိုများပြားလာသည်ကို တွေ့ရသည်။

**— ပြောကြား —**

ထိုအချက် မှန်ကန်ကြောင်းကို ဝါရှင်တန်မြို့ ဝေါ်တာရိစစ်ဘက်ဆေးရုံ စိတ်ဝေဒနာအတွင်း လူနာဌာနမှ အကြီးအကဲ ဗိုလ်မှူးကြီး သီအိုနိုနာကို တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာ၌ ပြောကြားခဲ့သည်။

၎င်းက အဓိက ပြည်သိမ်းစစ်ပွဲကာလအတွင်းတွင် စိတ်ဝေဒနာပြဿနာ လုံးဝ မရှိခဲ့ဟုဆိုသည်။ အမေရိကန်စစ်ဘက်အနေဖြင့် အီရတ်ရောက် စစ်မြေပြင် တပ်ဖွဲ့ဝင်များအကြား စိတ်ဖိစီးမှု ဝေဒနာခံစားရသူများ နည်းပါးစေရန် ပြင်းပြင်းထန်ထန် ကြိုးစားနေသည့်ကြားမှပင် ယခုကဲ့သို့ စိတ်ဖိစီးမှုဒဏ် ခံစားရသူများ ပေါ်များလာသည်ကို တွေ့ကြုံရခြင်းဖြစ်သည်။ ဆက်လက်၍လည်း မြင့်မားလာစရာ ရှိသည်ဟုဆိုသည်။

**— မြင့်တက်လာ —**

ဗီယက်နမ် စစ်ပွဲအတွင်းကလည်း အဓိကစစ်ပွဲ လွန်မြောက်ပြီးချိန်တွင် စစ်ပွဲလွန်ကာလ စိတ်ဝေဒနာခံစားရသူ အရေအတွက် မြင့်တက်လာသည့် အခြေအနေနှင့် ကြုံခဲ့ရသည်။

ယခုအီရတ်တွင်လည်း အလားတူ အခြေအနေမျိုး ပြန်၍ကြုံတွေ့ရမည့် သဘောမျိုးရှိကြောင်း စဉ်းစားနေရပြီဖြစ်သည်ဟု သိရသည်။

***အင်တာနက်။***

**ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရ**

**ဇန်နဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ ဆာမာရာမြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ရရှိသည့်ဒဏ်ရာကြောင့် ညာခြေထောက် ဖြတ်ပစ်လိုက်ရသော အသက် (၇၄)နှစ်အရွယ် အီရတ်နိုင်ငံသားတစ်ဦးကို ဆေးရုံတွင်တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*



# အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၁၃ ဦး လက်ရောက်ကျူးလွန်မှု၊ ပြန်ပေးဆွဲမှု၊ ခိုးမှုစသည့်အမှုတို့ဖြင့် စစ်ဆေးခံရ

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၄**

အိမ်ထောင်ရေးဖောက်ပြန်မှု၊ လက်ရောက်ကျူးလွန်မှု၊ မူးယစ်ရမ်းကားမှု၊ ပြန်ပေးဆွဲမှု၊ ကွန်ပျူတာ ခိုးယူမှု၊ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု၊ ဆီးရီးယားနိုင်ငံသို့ ထွက်ပြေးရန်ကြိုးပမ်းမှုတို့သည် အီရတ်ကို အမေရိကန် တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ပြီးနောက် စစ်ခုံရုံးတွင် စွဲချက်တင်ခံရသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အမှုအချို့ပင်ဖြစ်သည်။

**စစ်ဆေးခံရ**

အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးပြီဆိုသော မေ၁ရက်နောက်ပိုင်းတွင် စစ်ခုံရုံး၌ ရုံးတင်ကြားနာစစ်ဆေးခံရသူ အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၁၃ ဦး ရှိသည်ဟု အေအက်ဖ်ပီကဖော်ပြသည်။

အမှုအများအပြားမှာ ယခု စုံစမ်းဆဲပင်ရှိသေးကြောင်း၊ စစ်ခုံရုံးတင်စစ်ဆေးရန် အီရတ်ရှိထိပ်တန်း အမေရိကန် တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချက်က ထောက်ခံချက် မပေးသေးသည့် အဆင့်သာရောက်ရှိနေကြောင်း ဘဂ္ဂဒက်ရှိ အပေါင်းပါတပ်ဖွဲ့များ၏ဌာနချုပ်မှ ကြည်းတပ်ရှေ့နေဖြစ်သူ ဗိုလ်ကြီးဂျနီဖာဆန်တီယာဂိုက ပြောကြားသည်။

**ထွက်ခွင့်ပေး**

မေလနောက်ပိုင်းတွင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့က အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင် လေးဦးနှင့် အရာခံဗိုလ်တစ်ဦးကို လက်ရောက်ကျူးလွန်မှုဖြင့် တပ်မှထွက်ခွင့်ပေးလိုက်သည်။

**ချမှတ်**

အခြားအမှုများတွင် ကွန်ပျူတာခိုးယူပြီး နေအိမ်သို့ ပြန်ပို့ရန်ကြိုးပမ်းမှုဖြင့် အရာခံဗိုလ်များကို ထောင်ဒဏ်၊ ရာထူးချနှင့် ငွေဒဏ်များ ချမှတ်လိုက်သည်။

မရိန်းတပ်ဖွဲ့ဝင် ရှစ်ဦးအား စစ်အတွင်းက အီရတ်အကျဉ်းသားများကို ရိုက်နှက်မှုဖြင့် ကာလီဖိုးနီးယားပြည်နယ်တွင် ခုံဖွဲ့စစ်ဆေးနေသည်ဆို၏။

***အင်တာနက်။***

**ဆန့်ကျင်ကန့်ကွက်**

*ဇန်နဝါရီ ၂၅ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန်တပ်ဖွဲ့ဝင်များအား အီရတ်သို့ စေလွှတ်ခြင်းနှင့် ပတ်သက်၍ ဂျပန်ပြည်သူများ ဆန့်ကျင်ကန့်ကွက်နေကြစဉ်။*

**(ဓာတ်ပုံ–အင်တာနက်)**



**နိုင်ငံတကာသတင်းများ**

# အမေရိကန်တပ်မှူး ဗိုလ်ချုပ်ကြီး ဝိန်း ဖော်လူဂျာ၌ အသက်ဘေးမှ သီသီလေးလွတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

**ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ကီလိုမီတာ ၅၀ မှ ၁၀၀ အထိ ကွာဝေးသော ဖော်လူဂျာ၊ဟာဘာနီယာနှင့် ဂါမာမြို့များဒေသ၏ အမေရိကန်တပ်မှူး ဗိုလ်ချုပ်ကြီးဝိန်းမှာ ဖော်လူဂျာမြို့၌ အသက်ဘေးမှ သီသီကလေး လွတ်မြောက်သွားကြောင်း အယ်မာရှရစ်သတင်းစာ၏ စနေနေ့ထုတ်တွင် ရေးသားဖော်ပြထားသည်။**

**ဗိုလ်ချုပ်ကြီးဝိန်း နောက်မှလိုက်ပါစောင့်ရှောက်သည့် ကားတန်းကို ရည်ရွယ်ကာ ဗုံးထောင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဖော်လူဂျာမြို့မှ အီရတ်ရဲအရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။**

**ဘဂ္ဂဒက်အနောက်ဘက် အင်ဘာအုပ်ချုပ်ရေးဒေသကိစ္စ ဆွေးနွေးရန် လူမျိုးစုခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ပြန်အလာတွင် ဗုံးပေါက်ကွဲမှုနှင့် ကြုံရခြင်းဖြစ်သည်ဆို၏။**

**ဖော်လူဂျာမြို့ လူငယ်ရိပ်သာအနီးတွင် ဗုံးခွဲခြင်းဖြစ်ပြီး အမေရိကန်စစ်တပ်ယာဉ်တန်းနှင့် လိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရသွားသည်ဆို၏။**

**ဖော်လူဂျာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်လိုပင် အတိုက်ခံရသည်။ အမေရိကန်ရဟတ်ယာဉ် အချို့ကိုလည်း ထိုဒေသတစ်ဝိုက်က ပစ်ခတ်ခဲ့သည်။**

အင်တာနက်။

# အီရတ်လက်နက်ကိစ္စ မှားယွင်းကြောင်း ဝန်ခံရန် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအား ရော်ဘင်ကွတ် တိုက်တွန်း

**လန်ဒန် ဇန်နဝါရီ ၂၅**

အီရတ်နိုင်ငံ၌ လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်စွမ်းအားမြင့်မားသော လက်နက်များ (ဒဗလျူအမ်ဒီ)ရှိသည်ဆိုသောကိစ္စတွင် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် လက်လျှော့ ဝန်ခံရမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ရော်ဘင်ကွတ်က စနေနေ့တွင် တောင်းဆိုလိုက်သည်။

အမေရိကန်၏ အီရတ်လက်နက်ရှာဖွေရေး အုပ်စုခေါင်းဆောင် ကိုယ်တိုင် အီရတ်သမ္မတဆက်ဒမ်ဟူစိန်တွင် ထိုလက်နက်မျိုးမရှိကြောင်း ပြောကြားလိုက်သောအခါ ဝန်ကြီးချုပ်တိုနီဘလဲကလည်း မှားယွင်းနေပြီဟု လူတိုင်းသိနိုင်ချိန်တွင် ဝန်ကြီးချုပ်အနေဖြင့် သူမှန်သည်ဟု ဇွတ်မှိတ်နေခြင်းဖြင့် ဝန်ကြီးချုပ်အတွက် အတော်ပင် သိက္ခာကင်းမဲ့ရာ ကျသွားနိုင်ကြောင်းဖြင့် ရော်ဘင်ကွတ်က ဘီဘီစီသို့ ပြောကြားလိုက်သည်။

ယင်းလက်နက်များအရေးတွင် သူ့အနေဖြင့် ရိုးရိုးသားသားယုံကြည်ကောင်း ယုံကြည်ပေမည့် သဘောမျိုးဖြင့် ယုံကြည်သည်ဖြစ်စေ ယခုအခါတွင် တိုနီဘလဲအနေဖြင့် အမှားကိုဝန်ခံရန် လွန်စွာအရေးကြီးသည်ဟု မိမိယူဆကြောင်း ရော်ဘင်ကွတ်က ပြောဆိုသည်။

ဗြိတိန်နိုင်ငံအနေဖြင့် လက်ဦးမှုရယူပြီး အီရတ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲစေခဲ့သည့် များစွာအန္တရာယ်ကြီးမားသော အဆိုအမိန့်ကို စွန့်လွှတ်ရန်လည်း ရော်ဘင်ကွတ်က တိုက်တွန်းလိုက်သည်။

အီရတ်နိုင်ငံ၌ ခြိမ်းခြောက်မည့် အန္တရာယ် တစ်စုံတစ်ရာမျှမရှိလျှင် ထိုခြိမ်းခြောက်မှုကို ဖယ်ရှားပစ်ရန်အတွက် လက်ဦးမှုရယူ တိုက်ခိုက်ရန် မိမိတို့တွင် အခွင့်အရေးမရှိကြောင်း ရော်ဘင်ကွတ်က ပြောကြားသည်။

ရော်ဘင်ကွတ်၏ ဝေဖန်ပြောကြားချက်များမှာ အမေရိကန်လက်နက်ရှာဖွေရေး အုပ်စုခေါင်းဆောင်ဒေးဗစ်ကေးတာဝန်မှ နုတ်ထွက်ချိန်နှင့် တိုက်ဆိုင်နေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

❀ **ကျောဖုံးမှ**

ပေစာများလည်း စုဆောင်းထားကြောင်း၊ ဓာတ်တော်များ၊ ဝတ္ထုတော်များ၊ ဝိနည်း၊ သဂြိုဟ်၊ ဆန်း၊ အလင်္ကာများ၊ ဒီပနီ၊ ကမ္မဝါ၊ သဒ္ဒါစသည်ဖြင့် ပေစာပေါင်း ၁၁၂ဆူ ရှိကြောင်း၊ ဆက်လက်၍ စုဆောင်းသွားမည်ဖြစ်ကြောင်း။

စွယ်စုံကျမ်းများ၊ သမိုင်းရေးရာ၊ လွယ်ကူ လေ့လာသင်ခန်းစာများ၊ မြန်မာ့အချက်အလက်များ(Myanmar data)စသည်ဖြင့် CD အချပ် ၁၀၀၀ ကျော် ရှိကြောင်း။

ဤအခြေခံစာအုပ်စာတမ်းနှင့် CD, IT facilities များပေါ်တွင် အခြေပြု၍ အမျိုးသားပညာရည် မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) အနှစ်(၃၀) နှစ်ရှည် စီမံကိန်းက ပြဋ္ဌာန်းထားသည့် အတိုင်း–

စာကြည့်တိုက်ကို ခေတ်မီဖွံ့ဖြိုးသော နည်းပညာစနစ်များဖြင့် ခေတ်မီစနစ်ကျအောင်restructure ပြုလုပ်ရန်၊

e-Library အဖြစ်သို့ ပြုပြင်ပြောင်းလဲဖွဲ့စည်းရန်၊

Catalogue များ ခေတ်မီစနစ်ဖြင့် ပြန်လည်ပြုစုရန်၊

Flashing Library အဖြစ် ပြုပြင်ပြောင်းလဲပြီး မိမိသင်လို၊ သိလို၊ တတ်လိုသော အကြောင်းအရာများကို တစ်ထိုင်တည်းသိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် သင်ကြားရေးဆိုင်ရာဌာနများက သင်ကြားပို့ချနေသည့် ဘာသာရပ်၊ ဘာသာစိတ်များနှင့် လိုက်ဖက်ညီသည့် information resource များ စုဆောင်းရန်၊ Student centered, user centered, resource base, resource center များအဖြစ် ရေရှည်ဆက်လက်ပြုပြင်ရန် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။



**ဇန်နဝါရီ ၂၅ရက်က မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ်ကို တွေ့ရစဉ်။** (သတင်းစဉ်)

**ဖွင့်လှစ်ပေး**

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စာကြည့်တိုက်သစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စုပေါင်းဓာတ်ပုံရိုက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စာကြည့်တိုက်ရှေ့၌ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသော်က က မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၏ ဗိသုကာပုံစံနှင့် တည်ဆောက်ရေးလုပ်ငန်းအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ ဗိသုကာပုံစံနှင့် ပတ်သက်၍ လိုအပ်ချက်များပြင်ဆင်ဖြည့်စွက် မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

**ကြည့်ရှုစစ်ဆေး**



**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ရက်က မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌနှင့် ဇနီး ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန် ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။**

**ကြိုဆိုနှုတ်ဆက်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်တာဗီဘော့ဟီစိမ်းနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**လိုက်ပါလာ**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပွန်ဆာဘတ်ဘိုဖာ၊ ဒုတိယလယ်ယာနှင့် သစ်တောဝန်ကြီး မစ္စတာ ဆီတာဟဲန်လာဆာဖုန်၊ ဝန်ကြီးချုပ်ရုံး ဒုတိယအကြီးအကဲ မစ္စတာ ဘိုဗီယန်ခန်ဗွန်ဒါလာ၊ လွန်နမ်သာပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဆဲန်ဟောန် ဗွန်ခန်ချန်၊ ဘော်ခီယို ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာခန်မန် ဆိုဗီလုနှင့် အခြားအဆင့်မြင့် အရာရှိကြီးများ လိုက်ပါလာကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာထောင်လန် ဆီဆူလစ်နှင့်ဇနီး မဒမ်နာလီဆီဆူလစ်တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ဓမ္မရောင်ခြည် သဲအင်းဂူကျောင်း ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်း**

**ရန်ကုန် ဇန်နဝါရီ ၂၆**

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုအတိုင်း ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားတော်များကို ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပဏ္ဍာဝံသအရှင်သူမြတ်က ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၅ရက်ထိ ခုနစ်ရက်စခန်းဖွင့်လှစ်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဇန်နဝါရီ ၂၉ရက် ညနေအရောက် လာရောက်စာရင်းပေးသွင်းနိုင်သည်။ (က–ပ)

**ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်**

# ကြက်ငှက် တုပ်ကွေးရောဂါကာကွယ်ရေး အထူးအလေးထားဆောင်ရွက်

တွေ့ဆုံမေးမြန်းသူ–ဌေးကြည်
ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ယခုအခါ အာရှ–ပစိဖိတ်ဒေသအတွင်း ကြက်ငှက်မှတစ်ဆင့် လူကိုကူးစက်ကာ အသက်ဆုံးရှုံးနိုင်သည့် ကြက်ငှက်တုပ်ကွေး ရောဂါသည် တစ်နိုင်ငံမှတစ်နိုင်ငံသို့ ကူးစက်ကာ ကြက်မွေးမြူရေးခြံများရှိ ကြက်များသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ကြက်များနှင့် အနေနီးသည့်လူများသို့ လည်းကောင်း ကူးစက်ပျံ့နှံ့နေကြောင်း သတင်းများ ကြားသိခဲ့ရသည်။ ထို့ကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်အေးကြည်တို့ထံသို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။** ယနေ့ အာရှ–ပစိဖိတ်ဒေသမှာ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားနေမှုအခြေအနေနှင့် ပတ်သက်ပြီးတော့ ဘယ်လောက်အထိ အရေးတကြီး ဖြစ်ပျက်နေတယ်။ ဖြစ်ပွားနေတဲ့နိုင်ငံတွေမှာ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။

**ဖြေ။** ဒီကြက်ငှက်တုပ်ကွေးရောဂါဟာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်းမှာ တောင်ကိုရီးယားနိုင်ငံမှာ ဖြစ်တယ်ဆိုပြီး ကြက်ကောင်ရေ တစ်သိန်းသုံးသောင်းကျော်ကို ဖျက်ဆီးခဲ့ပါတယ်။ အခု ဇန်နဝါရီလဆန်းပိုင်းမှာကျတော့ ဂျပန်နိုင်ငံ ခရိုင်တစ်ခုမှာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်တယ်ဆိုပြီးတော့ ကြက်ကောင်ရေ သုံးသောင်းခွဲလောက်ကို ဖျက်ဆီးပစ်ခဲ့ကြပါတယ်။ နောက်ပြီးတော့ ဗီယက်နမ်နိုင်ငံ မှာလည်း ကြက်ငှက် တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီးတော့ အဲဒီ တုပ်ကွေးရောဂါဟာ ကြက်မှတစ်ဆင့် ကြက်မွေးမြူ ထိန်းသိမ်းတဲ့ လူခြောက်ဦးကို ကူးစက်ပြီး သေဆုံးခဲ့တယ်လို့ဆိုပါတယ်။ အလားတူ ထိုင်းနိုင်ငံမှာလည်း ကြက်ငှက်တုပ်ကွေး ရောဂါဟာ ကွက်ကျား၊ ကွက်ကျား ဖြစ်နေရာကနေ ဇန်နဝါရီ ၂၃ ရက်မှာကျတော့ ကြက်တုပ်ကွေးရောဂါ ဖြစ်ပါတယ်ဆိုပြီး အတည်ပြုခဲ့ပါတယ်။ နောက် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတွေရဲ့ အနီးပတ်ဝန်းကျင်မှာ ကြက်ငှက် တုပ်ကွေးလို့ အသိအမှတ်မပြုသေးတဲ့ ရောဂါတွေလည်း ဖြစ်နေကြတယ်လို့ သတင်းတွေမှာ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒီလိုရောဂါတွေ ဖြစ်တဲ့အတွက် ကြက်တွေကို သုတ်သင်ရှင်းလင်းတဲ့အခါမှာ ထိုင်းနိုင်ငံမှာဆို ကြက်ကောင်ရေ ခုနစ်သန်းလောက်ကို သုတ်သင်ရှင်းလင်းပြီးဖြစ်ပါတယ်။ တောင်ကိုရီးယားမှာဆိုလျှင် ကြက်နှစ်သန်းလောက်၊



**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းက မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထားရှိမှု အခြေအနေကို ရှင်းပြစဉ်။**

ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ဗီယက်နမ်နိုင်ငံမှာ ကြက်နှစ်သန်းခွဲလောက်၊ ဂျပန်နိုင်ငံမှာတော့ ကြက်သုံးသောင်းလောက် သုတ်သင်ရှင်းလင်းခဲ့ကြပါတယ်။ ဒီရက်ပိုင်းလောက်မှာပဲ ကြက်ကောင်ရေ ၁၂သန်းခန့် ဖျက်ဆီးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ ကြက်ငှက်တုပ်ကွေးရောဂါရဲ့ ဂယက်ရိုက်ခတ်မှုကြောင့် ထိုင်းနိုင်ငံဆိုရင် သူ့နိုင်ငံကနေ ကြက်သား တင်သွင်းနေကြတဲ့ ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံတွေက ကြက်သားတွေကို မတင်သွင်းကြတော့တဲ့အတွက် ထိုင်းနိုင်ငံအနေနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနစ်နာဆုံးရှုံးကြောင်း သိခဲ့ရပါတယ်။

**မေး။** ကျွန်တော်တို့နိုင်ငံ ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်နေတဲ့ဒီလိုအနေအထားမျိုးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ဘယ်လိုဆောင်ရွက်ထားပါသလဲ။

**အစာရေမျိုနှင့် လေပြွန်များ သွေးယိုစီးခြင်း၊ သွေးစုစည်းခြင်းများ ဖြစ်ပွားနေမှုကို တွေ့ရစဉ်။**



**ဖြေ။** ကြက်ငှက် တုပ်ကွေးရောဂါ ဗီယက်နမ်နိုင်ငံမှာ ဖြစ်ပွားနေတယ်ဆိုတဲ့သတင်းကို သိရှိရတဲ့အချိန်ကစပြီး ကျွန်တော်တို့နိုင်ငံအနေနှင့် ဝင်ပေါက်၊ ထွက်ပေါက်တွေကို ပိတ်ထားလိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရှိ ဝန်ထမ်းများကို ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်းတွေ၊ သွင်ပြင်လက္ခဏာတွေ၊ ထိန်းသိမ်းမှုတွေ၊ ကြက်မွေးမြူရေးခြံတွေရဲ့ ကာကွယ်စောင့်ရှောက်ရမယ့်အပိုင်းတွေကို လက်ကမ်းစာစောင်တွေ ရိုက်နှိပ်ပြီး တစ်ပြည်လုံးဖြန့်ဝေပေးလိုက်ပြီး ဖြစ်ပါတယ်။

**မေး။** ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ မွေးမြူရေး လုပ်ငန်းရှင်တွေကိုရော ဘယ်လိုစည်းရုံးဆောင်ရွက်နေပါသလဲ။

**ဖြေ။** မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဆိုတာ ရှိပါတယ်။ အဲဒီအဖွဲ့ချုပ်က အလုပ်အမှုဆောင်ကော်မတီဝင်တွေကို ဖိတ်ကြားပြီး ကြက်မွေးမြူရေးနှင့် နီးနွယ်နေတဲ့ ကြက်ဥ၊ ကြက်ပေါက် စသည်ဖြင့် တင်သွင်းတာတွေ၊ တင်ပို့တာတွေကို ချက်ချင်းရပ်ဆိုင်းစေတယ်။ အဖွဲ့ဝင်တွေကိုလည်း အမြန်နှိုးဆော်သတိပေးညွှန်ကြားထားပြီးဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ဆီမှာ မြန်မာနိုင်ငံ ကြက်မွေးမြူရေးအသင်းဆိုတာလည်း ရှိပါသေးတယ်။ ဒီရောဂါဟာ အလွန်ဆိုးတယ်။ စီးပွားရေးအရ ဆုံးရှုံးတယ်။ လူကိုလည်း ကူးစက်နိုင်ကြောင်းနှင့် တင်သွင်းမှု၊ တင်ပို့မှုမလုပ်ပါနဲ့တော့ဆိုပြီး အလုပ်အမှုဆောင်ရော၊ အသင်းဝင်တွေကိုရော ဖိတ်ကြားပြောဆိုပြီးဖြစ်ပါတယ်။

**မေး။** မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိပါသလား။

**ဖြေ။** နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကလည်း ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် လူတွေကို ဒီရောဂါမကူးစက်အောင်ဆောင်ရွက်ပါဆိုပြီး ညွှန်ကြားမှု ရှိတဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လုပ်ငန်းတွေကို ဇန်နဝါရီ ၂၄ရက်က စပြီးဆောင်ရွက်နေပြီဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ အဆင့်သုံးဆင့်ထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပထမအဆင့်ကတော့ ထိုင်းနိုင်ငံနှင့် ဆက်စပ်နေတဲ့ ဝင်ပေါက်ထွက်ပေါက်တွေကို ပိတ်ထားပြီး ကြက်တွေ မသွင်းနိုင်အောင် ကြပ်မတ်စစ်ဆေးလျက်ရှိပါတယ်။ အဆင့်(၂)အနေနဲ့ကတော့ ထိုင်းနှင့် မြန်မာနယ်စပ်မှာ ဆက်စပ်နေတဲ့ မြို့နယ် ၁၄ မြို့နယ်လောက်ရှိပါတယ်။ အဲဒီ ၁၄မြို့နယ်မှာ ကြက်ကောင်ရေ ၂ ဒသမ ၃ သန်းလောက်ရှိပါတယ်။ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဝန်ထမ်းများအနေနှင့် ကြက်ခြံတွေကိုသွားပြီး ကျန်းမာရေးအခြေအနေတွေကို မေးမြန်းစုံစမ်းတယ်။



**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်အေးကြည်က ကြက်ငှက် တုပ်ကွေး ရောဂါ လက္ခဏာများကို ကြေးမုံသို့ ရှင်းပြစဉ်။**

ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ရောဂါဖြစ်တယ်လို့ သံသယရှိလျှင်လည်း ရုံးချုပ်ကိုသတင်းပို့ပါတယ်။

အဲဒီလိုပါပဲ။ ကျန်းမာရေးဝန်ကြီးဌာန အနေနှင့်ကလည်း ကြက်မွေးမြူရေးနှင့် ဆက်စပ်လုပ်ကိုင်နေတဲ့ လူတွေကို မေးမြန်းစုံစမ်းပြီး သတင်းနှင့် အထောက်အထားတွေကို သက်ဆိုင်ရာရုံးချုပ်တွေကို ပို့ပေးနေပါတယ်။ အဆင့်(၃)အနေနဲ့ကျတော့ မွေးမြူရေးခြံတွေကိုသွားရောက်ပြီး ကြက်တွေရဲ့ ကျန်းမာရေးအခြေအနေ၊ ရောဂါရှိလျှင်လည်း ရောဂါရဲ့ အနေအထားတွေ ချက်ချင်း စစ်ဆေး သတင်းပို့ဖို့ကို သက်ဆိုင်ရာ ဒေသအာဏာပိုင်ကိုယ်စားလှယ်၊ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားလှယ်၊ ကျွန်တော်တို့ဌာနကိုယ်စားလှယ်တွေ သွားရောက်စစ်ဆေးပြီး ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီအဖွဲ့တွေက သက်ဆိုင်ရာရုံးချုပ်တွေကို သတင်းပို့ရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ တစ်ဆင့် ဝန်ကြီးချုပ်ရုံးကို သတင်းပို့ရပါတယ်။ ဒါကြောင့် ဒီကြက်ငှက်တုပ်ကွေးရောဂါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ သတင်းအချက်အလက်တော်တော်များများ ရရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါနဲ့ ပတ်သက်ပြီး ဘာမျှ စိုးရိမ်စရာမရှိပါဘူးဆိုတာ တင်ပြလိုပါတယ်။

**မေး။** ဆရာတို့ဌာနက ကြက်ငှက်တုပ်ကွေးရောဂါ မပြန့်ပွားအောင် ကြိုတင်ကာကွယ်ရေးအနေနှင့် ဘယ်လိုဆောင်ရွက်ထားပါသလဲ။

**ဖြေ။** ကြက်ငှက်တုပ်ကွေး ရောဂါ မဖြစ်ပွားအောင် ဆောင်ရွက်တာကတော့ ကြက်ခြံတွေကို သီးသီးသန့်သန့်ထားရှိအောင် ညွှန်ကြားထားပါတယ်။ ကြက်မွေးမြူရေးသမားများဟာ ကိုယ့်ခြံကနေ မထွက်ဖို့၊ အခြားခြံကိုမသွားဖို့၊ အပြင်လူလည်း ကြက်ခြံထဲ မဝင်စေဖို့ လိုပါတယ်။ အစားအစာကိုလည်း ကျန်းမာရေးနှင့်ညီညွတ်ပြီး လတ်ဆတ်တဲ့ အစားအစာတွေ ကျွေးရပါတယ်။ လုပ်ငန်းသုံးပစ္စည်း ကိရိယာတွေကိုလည်း သန့်သန့်ရှင်းရှင်း ဆောင်ရွက်ထားရှိရပါတယ်။ ခြံမှာနေတဲ့ လုပ်သားတွေအနေနှင့်လည်း ကြက်သားမစားဘဲ နေတာ အကောင်းဆုံးဖြစ်ပါတယ်။ စားသောက်မယ်ဆိုလျှင် ဆူပွက်အောင် ချက်ပြုတ်ပြီးမှ စားသောက်သင့်ပါတယ်။

မွေးမြူရေးခြံရဲ့ ဝင်ပေါက်၊ ထွက်ပေါက်တွေမှာ ရောဂါပိုးသေစေတဲ့ ဆေးဖျန်းထားရပါမယ်။ အဲဒီဆေးဖျန်းထားတဲ့ လမ်းကြောင်းကပဲ အဝင်၊ အထွက်လုပ်ရပါမယ်။ အဲဒီလို ဇီဝထိန်းချုပ်နည်းနှင့် ဆောင်ရွက်ခြင်းဟာ အကောင်းဆုံးပါပဲ။ ဒါဖြင့် ဒီရောဂါများ ကာကွယ်ဆေးမရှိဘူးလားဆိုတော့ ရှိပါတယ်။ ဒါပေမယ့် ဗိုင်းရပ်စ်ပိုးဟာ အမျိုးမျိုးရှိတဲ့အတွက် ဖြစ်တဲ့ရောဂါနှင့် ထိုးတဲ့ဆေးနှင့် ကိုက်ညီမှုရှိချင်မှရှိပါမယ်။ ဒါကြောင့် ဇီဝထိန်းချုပ်နည်းဟာ အကောင်းဆုံးဖြစ်ပါတယ်။

**ရောဂါဖြစ်ပွားသော ကြက်တစ်အုပ်လုံး မှိုင်ကုပ်နေသည်ကို တွေ့ရစဉ်။**



**မေး။** ကျွန်တော်တို့နိုင်ငံ အနေနဲ့ ဒီကြက်ငှက်တုပ်ကွေးရောဂါ စိုးရိမ်စရာ ရှိပါသလား သိပါရစေ။

**ဖြေ။** ကျွန်တော်တို့ မြန်မာနိုင်ငံအနေနှင့် ကြက်ငှက်တုပ်ကွေးရောဂါဟာ စိုးရိမ်စရာမရှိပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ မွေးမြူရေးနှင့်ပတ်သက်ပြီး ဒေသကြက်၊ ဒေသဝက် မွေးမြူရေးကို ဆောင်ရွက်နေတာ အခု တတိယငါးနှစ်စီမံကိန်းအထိ ရောက်ရှိနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကြက်ကောင်ရေ ၆၂ သန်း ရှိတဲ့အနက် တိုင်းရင်းကြက်က ၈၃ရာခိုင်နှုန်းရှိတဲ့အတွက် ကောင်ရေအားဖြင့် သန်း၅၀ လောက်ရှိပါတယ်။ တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းကိုလည်း ကြက်အိမ်၊ ကြက်တင်း၊ အိပ်တန်းများဖြင့် စနစ်တကျမွေးမြူစေပါတယ်။ အစားအစာကိုလည်း ကြက်တွေမှာဖြစ်တတ်တဲ့ ရောဂါကို ကာကွယ်ပေးစေတဲ့ စပါးလင်၊ဒန့်သလွန်ရွက်၊ပေါက်ပန်းဖြူရွက်၊ ဘောစကိုင်းရွက် စတာတွေကို ကျွေးမွေးစေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားဖို့ အခွင့်အလမ်း အလွန်နည်းပါးပါတယ်။

နောက်ပြီး စီးပွားဖြစ် မွေးမြူထားတဲ့ မွေးမြူရေးဟာလည်း အခြားနိုင်ငံတွေနှင့်စာလျှင် အလယ်အလတ်အဆင့်ပဲ ဖြစ်ပါတယ်။ ပြည်ပတင်ပို့မှုလည်းမရှိပါဘူး။ ပြည်တွင်းတင်သွင်းမှုဆိုတာကလည်း မျိုးကြက်ဥနှင့် ကြက်သားပေါက်လောက်ပဲ တင်သွင်းပါတယ်။ အခုတော့ပိတ်ပင်ထားပြီးဖြစ်ပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါဟာ လူကိုကူးစက်ဖို့ အခွင့်အလမ်း အလွန်နည်းပါတယ်။ ကြက်မွေးမြူရေးသမားတွေမှာသာ ကူးစက်နိုင်ပါတယ်။ ဒီရောဂါဟာ ကြက်ငှက်တုပ်ကွေးရောဂါရနေတဲ့ ကြက်ငှက်ကသာ တစ်ဆင့်ကူးစက်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးကို

**စာမျက်နှာ ၇ ကော်လံ ၁သို့**

## ညောင်ပင်အိုင်တောရ သာသနိကအဆောက်အအုံများဘက်စုံမွမ်းမံ

**ရန်ကုန် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ညောင်ပင်အိုင်တောရ ဆရာတော်ကြီး တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများကို ဘက်စုံပြုပြင်မွမ်းမံလျက်ရှိသည်။

လှူဒါန်းလိုသူပုဂ္ဂိုလ်များသည် မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးရဲထွန်း ဖုန်း-၀၇၁-၂၁၁၅၇၊ ၀၇၁-၂၁၀၁၉နှင့် ၀၇၁-၂၁၁၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

**စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ပြည်ပရောက်မြန်မာဆရာဝန်များနှင့် ဧည့်သည်နိုင်ငံခြားဆရာဝန်များအား ညစာစားပွဲတည်ခင်းဧည့်ခံ

ရန်ကုန် ဇန်နဝါရီ ၂၆

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံသို့ တက်ရောက်ခဲ့ကြသော ပြည်ပရောက် မြန်မာဆရာဝန်များနှင့် ဧည့်သည် နိုင်ငံခြားဆရာဝန်များအား ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။**

အဆိုပါညစာစားပွဲသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံသို့ တက်ရောက်ခဲ့ကြသော ပြည်ပရောက်မြန်မာဆရာဝန်များနှင့် ဧည့်သည်နိုင်ငံခြားဆရာဝန်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ပရောက် မြန်မာဆရာဝန်များနှင့် ဧည့်သည်နိုင်ငံခြားဆရာဝန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (သတင်းစဉ်)



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က မြန်မာနိုင်ငံ ဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံသို့ တက်ရောက်ခဲ့ကြသော ပြည်ပရောက်မြန်မာဆရာဝန်များနှင့် ဧည့်သည်နိုင်ငံခြားဆရာဝန်များအား အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## (၂၈)ကြိမ်မြောက် မအူပင်မြို့နယ် သုဓမ္မာပရိယတ္တိဝိနယာဓိကစာမေးပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော် ဩဝါဒါစရိယ မအူပင်မြို့နယ် မရမ်းကံကျောင်း ဆရာတော် ဘဒ္ဒန္တဝရ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ) ဦးဆောင်ကြီးမှူးကျင်းပသော မအူပင်မြို့ မြို့လယ်ကျောင်းတိုက် သုဓမ္မာပရိယတ္တိ သာသနဟိတဓရ အသင်းကြီး၏ (၂၈)ကြိမ်မြောက် သုဓမ္မာပရိယတ္တိဝိနယာ ဓိကစာမေးပွဲကြီးကို ၁၃၆၅ခုနှစ် တပို့တွဲ လပြည့်ကျော် ၉-၁၀-၁၁-၁၂ ရက်များတွင် မြို့လယ် ကျောင်းတိုက်ကြီးအတွင်း ကျင်းပမည်ဖြစ်သည်။ ကျင်းပမည့် လေးရက်အတွင်း နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များ၏ တရားပွဲများ ညစဉ်ကျင်းပမည်ဖြစ်ပြီး၊ ယနေ့အထိ စာဖြေရန်သတ်မှတ်ထားသည့် အတန်းခြောက်တန်းကို ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသည့် ရဟန်း၊ သာမဏေ၊ သီလရှင်ပေါင်း ၄၀၉ပါး၊ အနယ်နယ်အရပ်ရပ်မှ ပင့်သံဃာ ၂၅၁ပါး စုစုပေါင်း အပါး၆၆၀ ကျော်အတွက် ဆွမ်း၊ အချိုပွဲနှင့် လှူဖွယ်တန်းရာ အဖြာဖြာတို့ကို မအူပင်မြို့လယ် ကျောင်းတိုက် သုဓမ္မာ ပရိယတ္တိ သာသနဟိတဓရအသင်းကြီးသို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁-၂၀၀၄ (အင်္ဂါနေ့ )**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ

၈:၁၅ ၇။ ကျောက်တစ်လုံး ရေကူ ရေလှောင်တမံ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
- ပထမနှစ်(သတ္တဗေဒ၊ ရက္ခဗေဒအထူးပြုများ) (ရက္ခဗေဒ)

၅:၁၅ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၅:၂၅ ၇။ ခံစားနားဆင်တေးဓာတ်ဝင်

၅:၃၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၅:၄၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၃၀၁၀။ ညနေခင်းသတင်း

၇:၀၀၁၁။ မိုးလေဝသအခြေအနေ

၇:၀၅၁၂။ Milo Success in Soccer.

၇:၁၀၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး

၇:၂၅၁၄။ ကြေးမုံရိပ်သွင် တေးနယဉ်

၇:၄၀၁၅။ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးသီချင်းပြိုင်ပွဲ အကြောင်း သိကောင်းစရာ

၈:၀၀၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၁၉)**

၂၁။ Calcio Serie A Highlight

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

❒ **စာမျက်နှာ ၆မှ**

အထူးအလေးထား ဆောင်ရွက်နေတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနှင့် အထူးစိုးရိမ်စရာ မရှိပါဘူးလို့ ပြောကြားလိုပါတယ်။

ထို့နောက် ကြေးမုံသတင်းအဖွဲ့သည် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ တင်အေးကြည်ကိုလည်း ကြက်ငှက်တုပ်ကွေးရောဂါ လက္ခဏာ အခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ပါသည်။

**မေး။** ကြက်ငှက်တုပ်ကွေးရောဂါ ဘာကြောင့်ဖြစ်သလဲဆိုတာ ရှင်းပြစေလိုပါတယ်။

**ဖြေ။** ကြက်ငှက် တုပ်ကွေးရောဂါ ဘာကြောင့်ဖြစ်ရသလဲဆိုရင် Othomyxoviridae Family ထဲမှာပါတဲ့ Othomyxo Virus ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ အဲဒီဗိုင်းရပ်စ်မှာဆိုရင် Glycoprotein လို့ခေါ်တဲ့ ပရိုတင်းနှစ်မျိုးပါပါတယ်။ အဲဒီပါဝင်တဲ့ ပရိုတင်းနှစ်မျိုးပေါ်မှာ မူတည်ပြီးတော့ အုပ်စုသုံးခု ခွဲထားပါတယ်။ အဲဒီအုပ်စုသုံးခုကတော့ Type A,B,C တို့ဖြစ်ပါတယ်။ Type A အမျိုးအစား ရောဂါဟာဆိုလျှင် ကြက်၊ ငှက်၊ ဝက်၊ မြင်းနှင့် လူတွေမှာ ဖြစ်စေတဲ့ရောဂါဖြစ်ပါတယ်။ Type B မှာကတော့ လူမှာဖြစ်ပွားစေတဲ့ အမျိုးအစားဖြစ်ပါတယ်။ Type C ကတော့ လူနှင့်ဝက်မှာ ဖြစ်ပွားတဲ့ အမျိုးအစားဖြစ်ပါတယ်။ Type A မှာပါဝင်တဲ့ ပရိုတင်းနှစ်မျိုးဟာဆိုလျှင် Haemagglutinin လို့ခေါ်တဲ့ H Antigen နှင့် Neuarnidase လို့ ခေါ်တဲ့ N Antigen ဖြစ်ပါတယ်။ H အမျိုးအစားက တစ်ကနေ ၁၅အထိရှိပြီး N ခေါ်တဲ့ အမျိုးအစားကတော့ တစ်ကနေ ကိုးမျိုးရှိပါတယ်။ ဒီအုပ်စုအမျိုးအစားပေါ်မှာမူတည်ပြီးတော့ ကွဲပြားသွားကြပါတယ်။ အဲဒီ အထဲမှာဆိုလျှင် H 5 နှင့် H 7 ဟာ လူကိုလည်း ကူးစက်စေနိုင်ပါတယ်။ ဒါကြောင့် ရောဂါပြင်းထန်စေတဲ့ အမျိုးအစားများ ပါဝင်ပါတယ်။ အခု ဟောင်ကောင်နှင့် ကိုရီးယားတို့မှာဖြစ်နေတဲ့ အမျိုးအစားကတော့ H 5 နှင့် N 1 ဖြစ်ပါတယ်။

**မေး။** ကြက်တွေမှာဒီရောဂါစွဲကပ်လာပြီဆိုလျှင် ဘယ်လိုလက္ခဏာတွေ မြင်ရပါသလဲ။

**ဖြေ။** ဒီရောဂါ ရလာတယ်ဆိုလျှင် ကြက်တွေဟာ လုံးဝ မှိုင်ကုပ်သွားတာတွေ့ရပါတယ်။ ရုတ်တရက် သေဆုံးသွားတာ တွေ့ရပါတယ်။ နောက်ပြီး ရောဂါရနေတဲ့ကြက်ဟာ ရေကို မကြာခဏ သောက်တာကို တွေ့ရပါတယ်။ အစာစားလည်း ပျက်ပါတယ်။ နှာရည်ကျပြီး ချောင်းဆိုးတာ၊ အသက်ရှူကျပ်တာ တွေ့ရပါတယ်။ အဲဒီကြက်ရဲ့ မျက်နှာတွေဟာ ရောင်ရမ်းနေပြီး အမောက်နှင့်လည်ပင်းတွေမှာ အပြာရောင်ဖြစ်နေပါတယ်။ ဦးခေါင်း၊ မျက်နှာနှင့် လည်ပင်းတွေမှာလည်း ရောင်နေတတ်ပါတယ်။ ခြေထောက်မှာလည်း သွေးတွေစုစည်းပြီးတော့ အဆစ်တွေ ရောင်ရမ်းနေပါတယ်။ နောက်ပြီး ချေးပါတဲ့အခါမှာလည်း အဖြူရောင်၊ အစိမ်းရောင်ပါတတ်ပါတယ်။ ဥစားကြက်တွေမှာတော့ ဥနှုန်းကျတာ တွေ့ရပါတယ်။ ဒီကြက်ငှက်တုပ်ကွေးရောဂါဖြစ်တဲ့ ကြက်သေကို ခွဲစိတ်ကြည့်ရှုမယ်ဆိုလျှင် အမြစ်ဦးပိုင်းမှာ သွေးယိုစီးနေပါတယ်။ အသည်း၊ သရက်ရွက်တို့မှာ အဖြူရောင်အစက်ကလေးတွေ တွေ့ရပါတယ်။ ဥသိမ်တွေကလည်း ကျုံ့နေတတ်ပါတယ်။ အစာရေမျိုနှင့် လေပြွန်မှာ သွေးယိုစီးနေပါတယ်။ ထူးခြားချက်ကတော့ ကြက်လည်လိမ်ရောဂါမှာ မတွေ့ရှိရတဲ့ ရင်အုပ်ရဲ့အတွင်းပိုင်းမှာ သွေးယိုစီးနေတာ တွေ့ရပါတယ်။ ဒါဆိုလျှင် ကြက်ငှက် တုပ်ကွေးရောဂါ ဖြစ်နေပြီလို့ ဆိုရပါမယ်။

**မေး။** ဒီလို ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလာခဲ့လျှင် ဆုံးရှုံးမှုအပိုင်းကိုလဲ သိပါရစေ။

**ဖြေ။** ဒီလိုကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလာလျှင် အဲဒီကြက်ခြံဟာ ၄၀ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးတတ်ပါတယ်။

**မေး။** အဲဒီ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုအခြေအနေကိုလဲ ရှင်းပြလိုပါတယ်။

**ဖြေ။** ရောဂါကူးစက်မှုကတော့ လေကနေ ကူးစက်နိုင်တာမျိုးရှိသလို ရောဂါပိုးပါတဲ့ အသုံးအဆောင်ပစ္စည်းများနှင့် ရေတို့ကတစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်။ နှာချေခြင်း၊ ချောင်းဆိုးခြင်းကလည်း ကူးစက်နိုင်ပါတယ်။ ကြက်ချေးကလည်း ကူးစက်နိုင်ပါတယ်။

**မေး။** ဘယ်လိုသတ္တဝါတွေကို ကူးစက်တတ်ပါသလဲ။

**ဖြေ။** ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်နိုင်တဲ့ တိရစ္ဆာန်တွေကတော့ ကြက်၊ ကြက်ဆင်၊ ဇာမဏီငှက်၊ ငုံး၊ ခိုး၊ ရေကြက်တွေမှာ ဖြစ်နိုင်ပါတယ်။ အဲဒီတိရစ္ဆာန်များအနေနှင့် ရောဂါပိုးသယ်ဆောင်တဲ့ တိရစ္ဆာန်များဖြစ်တဲ့အတွက် အဲဒီတိရစ္ဆာန်တွေကို အထူးဂရုထားဖို့ လိုပါတယ်။

**မေး။** အဲဒီ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်တယ်လို့ သံသယဝင်လျှင် ဘယ်လိုစစ်ဆေးမှုတွေကို ဆောင်ရွက်ပါသလဲ။

**ဖြေ။** ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပြီလို့သံသယဝင်လျှင်လည်းချောင်း၊ စအိုတို့မှ အရည်နှင့်ကြက်ချေးတို့ကို စစ်ဆေးခြင်းဖြင့် သိရှိနိုင်ပါတယ်။ ကြက်အသေကိုတော့ ဦးနှောက်၊ အသည်း၊ နှလုံး၊ သရက်ရွက်တို့မှာ စစ်ဆေးနိုင်ပါတယ်။ ကြက်ခြံတစ်ခုမှာ ဒီရောဂါရှိ၊ မရှိကို သွေးရည်ကြည်ကိုယူပြီးတော့လည်း စစ်ဆေးနိုင်ပါတယ်။ ရောဂါပိုး ခွဲခြားခြင်းကိုတော့ အဆင့်မြင့်စစ်ဆေးမှုနှင့် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်" ဟု ကြေးမုံသို့ ရှင်းပြသည်။ ။ (ကြေးမုံ)



သံလွင်တံတား(မော်လမြိုင်)၏ ခံ့ညားထည်ဝါမှုကို မော်လမြိုင်ဘက်ကမ်းမှ တွေ့ရစဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထ
# မြန်မာနိုင်ငံတွင် အရှည်ဆုံး၊ အကြီးဆုံးတံတားကြီး ဖြစ်လာမ
# မွန်ပြည်နယ်ရှိ သံလွင်မြစ်ကူးတံတား( မော်လမြိုင် )၏ မြင်ကွ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအသီးသီးတွင် မူဝါဒများ၊ ရည်မှန်းချက်များ ချမှတ်ဆေ လျက်ရှိသည်။**

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအခြေခံကောင်းများ ရရှိရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကဖြစ်သည်နှင့်အညီ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို အလေးထားကြိုးပမ်း အကောင်အထည်ဖော်နေသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် လမ်းမကြီးများ တိုးချဲ့ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်ခြင်း၊ မြို့ချင်းဆက်သည့် လမ်းများနှင့် ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ လမ်းမကြီးများပေါ်ရှိ တံတားကြီး၊ တံတားလတ်၊ တံတားငယ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် နေ့မအားညမနား ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်နေသည့် လမ်းတံတားလုပ်ငန်းများအနက် ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်း လမ်းပေါ်တွင် တည်ရှိပြီး သံလွင်မြစ်ကို ဖြတ်ကျော်ကာ မော်လမြိုင်မြို့နှင့် မုတ္တမမြို့သို့ ဆက်သွယ်တည်ဆောက်နေသည့် သံလွင်တံတား(မော်လမြိုင်)သည် တစ်ခုအပါအဝင်ဖြစ်သည်။ သံလွင်တံတား(မော်လမြိုင်)ကို ၂၆-၁၀-၁၉၉၈ နေ့တွင် ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၉၈) ခွင့်ပြုမှုဖြင့် ၂၀၀၀ ပြည့်နှစ် မတ်လ ၁၈ ရက်ဒ တည်ဆောက်ခဲ့သည်။

သံလွင်တံတား(မော်လမြိုင်)သည် အရှည်အားဖြင့် ၃၅၂၇ ဒ မီတာ (၁၁၅၇၅ ပေ)ရှည်သဖြင့် တည်ဆောက်ပြီးစီးပါက မြန်မာနိ အရှည်ဆုံးနှင့်အကြီးဆုံး တံတားတစ်စင်းဖြစ်လာမည်ဖြစ်သည်။

ရေစီးကြမ်းသည့် သံလွင်မြစ်ကိုဖြတ်ကာ ခက်ခက်ခဲခဲ တည်ဆောက်နေသော တံတားတစ်စင်းဖြစ်ပြီး ဒေသခံတိုင်းရင်းသား များက ယခင်က အိပ်မက်ပင် မမက်ခဲ့ဖူးသော အခြေအနေမှ ယ တံတားကြီးတစ်စင်း ငွားငွားစွင့်စွင့် ရုပ်လုံးပေါ်လာနေပြီဖြစ်သဖြင့် တံတား(မော်လမြိုင်)ကို အိပ်မက်တံတားဟူ၍ပင် တင်စား ခေါ်ဝေ သည်။ တံတားပြီးစီးပါက မြန်မာနိုင်ငံမြောက်ဘက်စွန်း ကချင်ပြ မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းအထိ တစ်ဆက်တစ်စ သွားလာနိုင်တော့မည်ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ ကူး နွယ် ချစ်ကြိုးသွယ်ဆိုသည့် စကားနှင့်အညီ မြန်မာနိုင်ငံမြောက်ဘ မှသည် တောင်ဘက်စွန်းသို့ အလွယ်တကူ ကူးလူးဆက်သွယ် သွာ တော့မည်ဖြစ်သည်။ ။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံတားဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။ (သတင်းစဉ်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံ ဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)၏ မုတ္တမဘက်ကမ်း RP RP 7 အထိ ပင်မတံတားသံပေါင် တပ်ဆင်ပြီးစီးမှုကို ဇန်န ၁၅ရက်က တွေ့ရစဉ်။ (သတင်

## ချဉ်းကပ်တံတား ကြမ်းခင်းပြား တပ်ဆင်

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံး တံတားဖြစ်သည့် သံလွင်တံတား (မော်လမြိုင်)၏ မုတ္တမဘက်ကမ်း Y 13 မှ Y 17 အထိ ချဉ်းကပ်တံတားပေါ်တွင် သံကူကွန်ကရစ် ကြမ်းခင်းပြားများ တပ်ဆင်ပြီးစီးမှုကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။** (သတင်းစဉ်)



# ...ကောင်စီလက်ထက် ...းကြီး ဖြစ်လာမည့် ...မြိုင်)၏ မြင်ကွင်း

**...သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ...ါဒများ၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်**

...် ၂၀၀၀ ပြည့်နှစ် မတ်လ ၁၈ ရက်၌ စတင်

...မြိုင်)သည် အရှည်အားဖြင့် ၃၅၂၇ ဒသမ ၈၁ ...ဖြင့် တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် ...ားတစ်စင်းဖြစ်လာမည်ဖြစ်သည်။
...လွင်မြစ်ကိုဖြတ်ကာ ခက်ခက်ခဲခဲ ကြိုးပမ်း ...းတစ်စင်းဖြစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူ ...င် မမက်ခဲ့ဖူးသော အခြေအနေမှ ယခုအခါ ...ွင့်စွင့် ရပ်လုံးပေါ်လာနေပြီဖြစ်သဖြင့် သံလွင် ...မက်တံတားဟူ၍ပင် တင်စား ခေါ်ဝေါ်နေကြ ...န်မာနိုင်ငံမြောက်ဘက်စွန်း ကချင်ပြည်နယ်မှ ...တနင်္သာရီတိုင်းအထိ တစ်ဆက်တစ်စပ်တည်း ...ည်ထောင်စုဖွားတိုင်းရင်းသားတို့ ကူးလူးယှက် ...စကားနှင့်အညီ မြန်မာနိုင်ငံမြောက်ဘက်စွန်း ...အလွယ်တကူ ကူးလူးဆက်သွယ် သွားလာနိုင်
**(ကြေးမုံ)**



## မော်လမြိုင်ဘက်ကမ်း မြင်ကွင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် **အကြီးဆုံးတံတားဖြစ်သည့်သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်** ဘက်ကမ်း ပင်မတံတားသံပေါင် တပ်ဆင်ပြီးစီးမှုအခြေအနေကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။ (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့်အကြီးဆုံးတံတား ဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်ဘက်ကမ်း ပင်မတံတား ရေလယ်တိုင် RP 22 မှ RP 13 အထိ အခန်းကိုးခန်း သံမဏိသံပေါင် တပ်ဆင်ပြီးစီးမှုကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။** (သတင်းစဉ်)



**...ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ...မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံတား ...မော်လမြိုင်)၏ မုတ္တမဘက်ကမ်း RP 1 မှ ...ားသံပေါင် တပ်ဆင်ပြီးစီးမှုကို ဇန်နဝါရီ** (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်နေသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံတားဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)၏ မုတ္တမဘက်ကမ်း ချဉ်းကပ်လမ်း အမာခံကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။** (သတင်းစဉ်)



**...ဌာန ...န်းက ...နိုင်ငံ ...ကြီးဆုံး ...်တံတား ...က်ကမ်း ...းကပ် ...ကရစ် ...ပြီးစီး ...တွေ့ရ** ...းစဉ်)

## သံလွင်တံတား( မော်လမြိုင် )ဆိုင်ရာ အချက်အလက်များ

| အကြောင်းအရာ | အချက်အလက် | လုပ်ငန်းပြီးစီးမှု |
|---|---|---|
| တံတားအမျိုးအစား | ကားလမ်းနှင့် မီးရထားလမ်း ယှဉ်လျက်ရှိသောတစ်ထပ်တံတား | ၇၀ ရာခိုင်နှုန်းပြီးစီး |
| တံတားအရှည်(စုစုပေါင်း) | ၁၁၅၇၅ ပေ | |
| ပင်မတံတား | ၇၆၉၉ ပေ | |
| တံတားအပေါ်ထည် | သံမဏိသံပေါင် | |
| တံတားအောက်ထည် | သံကူကွန်ကရစ်ပိုင်တိုင် | |
| **ချဉ်းကပ်တံတား(ကားလမ်း)** | | |
| မော်လမြိုင်ဘက်ကမ်း | ၁၆၂၄ ပေ | အုတ်မြစ်လုပ်ငန်း၊ ကိုယ်ထည်လုပ်ငန်း၊ ရက်မလုပ်ငန်းနှင့် အပေါ်ကြမ်းခင်း လုပ်ငန်းများ လုံးဝပြီးစီး။ |
| မုတ္တမဘက်ကမ်း | ၂၂၅၂ ပေ | အုတ်မြစ်လုပ်ငန်း၊ ကိုယ်ထည်လုပ်ငန်းနှင့် ရက်မလုပ်ငန်းများ လုံးဝပြီးစီး။ |
| **ချဉ်းကပ်တံတား(ရထားလမ်း)** | | |
| မော်လမြိုင်ဘက်ကမ်း | ၈၇၁၆ ပေ | |
| မုတ္တမဘက်ကမ်း | ၁၀၀၅၁ ပေ | |
| ယာဉ်သွားလမ်းအကျယ် | ၂၈ ပေ | |
| ရထားလမ်းအကျယ် | ၁၄ ပေ | |
| လူသွားလမ်းအကျယ်(တစ်ဖက်လျှင်) | ၆ ပေ | |
| ပင်မရေလယ်တိုင် | ၂၂ တိုင် | တိုင် ၂၀ လုံးဝပြီးစီး။ |
| တံတားသံပေါင် | ၂၁ ခန်း | ၁၆ ခန်း တပ်ဆင်ပြီးစီး။ |
| ခွင့်ပြုယာဉ်အလေးချိန် | တန် ၆၀ | |
| ရေလမ်းကင်းလွတ်နယ်မြေအကျယ် | ၃၂၈ ပေ | |
| ရေလမ်းကင်းလွတ်နယ်မြေအမြင့် | ၄၆ ပေ | |

# သားငါးဖွံ့ဖြိုး ပြည့်အကျိုး



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၅ ရက်တွင် မွန်ပြည်နယ် မုဒုံမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ရက်တွင် မွန်ပြည်နယ် ရေးမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို မြို့နယ်ပညာရေးမှူးအား ပေးအပ်စဉ်။** (သတင်းစဉ်)



▲ **ရှေ့ဖုံးမှ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာစောမြတ်ဦးနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓာတ်မှန်ခန်း၊ ဆေးစတို၊ လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ပြင်ပလူနာကုဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအဆောင်သစ် တိုးချဲ့တည်ဆောက်ရန်နှင့် ဓာတ်မှန်နှင့် သွားစိုက်ခုံများ ဖြည့်တင်းပေးရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးတင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Electronic Media (Language Lab) Printed and Display Media (Reading Corner)၊ Electronic Media (Video System၊ Printed Media (Visual Presenter) နှင့် Computer Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းက မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ မိုးစပါး၊ နွေစပါး လျာထားချက်နှင့် စိုက်ပျိုးနိုင်မှု အခြေအနေ၊ ဒေသရိက္ခာ ဖူလုံမှုအခြေအနေ၊ ငရုတ်ကောင်း၊ ရော်ဘာစိုက်ပျိုးထားမှု၊ ပဲအမျိုးမျိုး စိုက်ပျိုးထားမှု ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်အေးက ရေးမြို့နယ်အတွင်း နှစ်အလိုက် ရော်ဘာ တိုးချဲ့စိုက်ပျိုးမှု၊ ယခုနှစ်တွင် ရော်ဘာ ဧက ၅၈၈၃၀ တိုးချဲ့စိုက်ပျိုးထားမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်၏ လိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့ ရေးမြို့သို့ ရောက်ရှိလာပြီး ရေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့စည်ပင်သာယာရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဖြစ်ကြောင်း။

ယခု မြို့နယ်တာဝန်ရှိသူများ၏ တင်ပြချက်များအရသော်လည်းကောင်း၊ လေ့လာတွေ့ရှိချက်များအရ သော်လည်းကောင်း၊ ရေးမြို့နယ်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ရေးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် နှစ်ထပ်တိုးချဲ့ဆောင်တစ်ခု ထပ်မံ တည်ဆောက်ရေး အပါအဝင် ဆေးရုံအတွက် လိုအပ်မည့် ဆေးရုံသုံးပစ္စည်းများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်သည့်နေရာများတွင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဖွင့်လှစ်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

### အဆင့်တိုးမြှင့်ခွင့်ပြု

အလားတူပင် ပညာရေးကဏ္ဍတွင်လည်း ဤမြို့နယ်အတွင်း နေထိုင်လျက်ရှိနေကြသည့် လူငယ်လူရွယ်များ ပညာရည် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိစေရေးအတွက် အခြေခံမူလတန်းကျောင်း မရှိသေးပါကလည်း မူလတန်းကျောင်းများအဖြစ် ခွင့်ပြုချက်များ၊ အခြေခံမူလတန်းကျောင်းများမှ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများအဖြစ် အဆင့် တိုးမြှင့်ခွင့်ပြုချက်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက အခြေခံကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများ အောက်ခြေအရောက် သွားရောက်ပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ စီးပွားရေး တိုးတက်လာရေးအတွက် စေတနာအပြည့်အဝထားပြီး အလေးထား ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ပါမှ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာနိုင်မှာ ဖြစ်ကြောင်း။

ယခင်က ဤဒေသတွင် မိရိုးဖလာစိုက်ပျိုးခဲ့ကြသည့် ဥယျာဉ်ခြံမြေ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာစေရေးအပြင် နိုင်ငံတော်က စီမံကိန်းရည်မှန်းချက်များ ချမှတ်ပေးထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအောင်သက်ဆိုင်ရာဌာနများက နည်းပညာနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပေးပြီး ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### နည်းပညာနှင့် မျိုးပံ့ပိုး

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှာ ရော်ဘာအဓိက စိုက်ပျိုးကြသည့် ဒေသများဖြစ်ကြောင်း၊ အဓိကစိုက်ပျိုးဖြစ်ထွန်းနေသည့် လုပ်ငန်းများ လျော့ပါးမှု မရှိစေဘဲ ပိုမိုတိုးတက်လာအောင် နည်းပညာနှင့် မျိုးအပါအဝင် ပံ့ပိုးဆောင်ရွက်ပေးရန်များကို ပံ့ပိုးပေးသွားကြရမှာဖြစ်ကြောင်း။

မြို့နယ် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများအားလုံးက မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသည့် ကျေးလက်ဒေသ လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ဖြစ်ထွန်းပြီး ကျေးလက်နေ ပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် အခြေခံ ကျေးလက်ဒေသများအရောက် သွားပြီး ကိုယ်ဖိရင်ဖိ စေတနာရှေ့ထားပြီး ကြိုးစားဆောင်ရွက်ပေးကြရေး မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေးမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို မြို့နယ် ပညာရေးမှူးအားလည်းကောင်း၊ ရေးမြို့ ပြည်သူ့ဆေးရုံအတွက်ဆေးဝါးများကို ဆေးရုံအုပ်အားလည်းကောင်း ပေးအပ်သည်။

### သံဖြူဇရပ်မြို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့သို့ ရောက်ရှိကြရာ သံဖြူဇရပ် တပ်နယ်မှူး ဗိုလ်မှူးကြီးခင်မောင်စိ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက သံဖြူဇရပ်မြို့နယ် မိုးစပါး၊ နွေစပါး လျာထားချက်၊ စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ နှစ်ရှည်ပင်ရော်ဘာ၊ စည်သပြေ၊ သစ်ဆိမ့်၊ ငရုတ်ကောင်း၊ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထားမှု၊ ရေငန်ပုစွန်မွေးမြူမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ ငရုတ်ကောင်း၊ ရော်ဘာစိုက်ပျိုးရေး၊ ဒေသဝမ်းစာ ဖူလုံရေး လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ ဒေသတာဝန်ခံများ၊ ဝန်ကြီးများပါဝင်တဲ့ အဖွဲ့သည် ယမန်နေ့က ကရင်ပြည်နယ် ကော့ကရိတ်နှင့် မြိုင်ကြီးငူဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ယနေ့ မွန်ပြည်နယ် ရေး၊ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်မြို့နယ်များသို့လည်းကောင်း လာရောက်ပြီး မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး အထောက်အကူပြုစေမည့် ဒေသလိုအပ်ချက်နှင့် ဆောင်ရွက်ဖွယ်ရာများကို ပံ့ပိုးမှာကြားကာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်သွားကြမယ်ဆိုသည့် သဘောထားဖြင့် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

ယနေ့ နံနက်ပိုင်းက ရေးမြို့သို့ ရောက်ရှိပြီး ရေးမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးတို့ကို အထောက်အကူပြုစေမည့် ပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု သံဖြူဇရပ်မြို့နယ်သို့ ရောက်ရှိသည့်အခါတွင်လည်း ပညာရေး၊ ကျန်းမာရေး အပါအဝင် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးတို့ကို အထောက်အကူဖြစ်စေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

### ဖြည့်ဆည်းပေးလျက်ရှိ

ယနေ့အချိန်အခါတွင် နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များကိုယ်တိုင် နိုင်ငံအနှံ့ အောက်ခြေဒေသများအထိ အရောက်သွားပြီး ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ပံ့ပိုး ဆောင်ရွက်ပေးသင့်သည်များကို ချက်ချင်း ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒီလိုအချိန်အခါမျိုးတွင် ပြည်နယ်/တိုင်း/ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများအားလုံးကလည်း မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် တာဝန်သိသိ၊ စေတနာရှိရှိဖြင့် ဝီရိယစိုက်ထုတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

### ကြပ်မတ်ဆောင်ရွက်

တင်ပြချက်အရ သံဖြူဇရပ်မြို့နယ် အနေဖြင့် ဒေသဝမ်းစာဖူလုံမှု ရာနှုန်းပြည့်မီရေးကို ရည်မှန်းချက်ပါအတိုင်း နည်းလမ်းရှာဖွေ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့အပြင် မြို့နယ်အတွင်း ယခင်က စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် ရော်ဘာစိုက်ပျိုးရေး အပါအဝင် အခြားသော စိုက်ပျိုးမှုလုပ်ငန်းများ ပိုမိုတိုးတက်မှုရှိအောင် ဆက်လက် ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ငရုတ်ကောင်း၊ ရော်ဘာကဲ့သို့ ရည်မှန်းချက်ပေးထားသည့် စီမံကိန်းများ အောင်မြင်စေရန်ကိုလည်း အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

သံဖြူဇရပ်မြို့နယ်သည် ASEAN နှင့် တရုတ်တို့ ပူးပေါင်းဆောင်ရွက်မည့် စင်ကာပူ–ကူမင်း ရထားလမ်းကြောင်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❒



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ ရက်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံ တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။** (သတင်းစဉ်)

❐ **စာမျက်နှာ ၁၀ မှ**

ဖြစ်ပေါ်လာပါက အဆိုပါ ရထားလမ်းသစ်ကို ဆက်သွယ်မည့် ဘုရားသုံးဆူ-သံဖြူဇရပ် ရထားလမ်းဖြစ်ပေါ်လာပြီး အချက်အချာကျသည့် ဒေသတစ်ခုဖြစ်လာမှာဖြစ်ကြောင်း။

မြို့နယ်တာဝန်ရှိသူများ အားလုံးက မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများ ပေါင်းစည်းပါဝင်သည့် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး သွက်သွက်လက်လက်ဖြင့် စေတနာပေါင်းစည်းပြီး အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကိုလည်းကောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို လည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

### ပြသရှင်းလင်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးသိုလှောင်ခန်း၊ သားဖွားမီးယပ် လူနာဆောင်နှင့်ခွဲစိတ်ခန်း၊ ဆေးစတိုခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ဒေါက်တာ တင်ဌေးနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၅ရက်က မွန်ပြည်နယ် ရေးမြို့ ရေးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။** (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Aided Instruction၊ Computer Application & E-mail၊ Language Lab၊ Display Media and Printed Media Electronic Media (Video System) နှင့် အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့မှတစ်ဆင့် မုဒုံမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

### တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့တော်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မြို့နယ်အတွင်း မြေအသုံးချမှု၊ စိုက်ပျိုးမြေဧက၊ ရေလှောင်တမံများ၏ အခြေအနေနှင့် အကျိုးပြုမှု၊ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်မှု အခြေအနေ၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်း ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ စပါး၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုး စိုက်ပျိုးနေမှု၊ ဆည်ရေဖြင့် စိုက်ပျိုးရေး လုပ်ကိုင်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မွန်ပြည်နယ်အတွင်း လာရောက်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုလည်း မုဒုံမြို့သို့လာရောက်ပြီး မြို့နယ်ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ ရွာကြီးများမှာ ကြီးမားပြီး မိုတင်းနေထိုင်ကြသည့် လူဦးရေလည်းများပြားသဖြင့် နေထိုင်သောလူဦးရေ အစိပ်အကျဲအပေါ် မူတည်ပြီး လိုအပ်သည့်နေရာများတွင် စာသင်ကျောင်းများ၊ ဆေးပေးခန်းများပြည့်စုံမှုရှိလာအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။



**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၅ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နိုင်ငံတော်က ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် အဓိကလိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် မွန်ပြည်နယ် အပါအဝင် ပြည်နယ်၊တိုင်းအားလုံးတွင် လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းစီမံချက်ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### တိုးချဲ့စိုက်ပျိုး

ဤမြို့နယ်အတွင်း ယခင်က ရော်ဘာ စိုက်ပျိုးရေး လုပ်ငန်းသည် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ စီးပွားဖြစ်စိုက်ပျိုးရေးအပြင် တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ ဒါ့အပြင် မွေးမြူရေး လုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူသည့် အဆင့်ရောက်အောင်၊ တိုးတက်မှုများရှိအောင် တာဝန်ရှိသူများက အားပေးကူညီ ဆောင်ရွက်ပေးပြီး တစ်ဖက်ကလည်း ဒေသအလိုက် တာဝန်ပေးထားသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ မုဒုံမြို့နယ်သည် မိုးရွာသွန်းမှု ကောင်းမွန်သည့် မြို့နယ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က စိုက်ပျိုးရေးအတွက် တည်ဆောက်ပေးထားသည့် ဆည်ကြီးများမှာလည်း ရေအပြည့်ရှိနေကြောင်း၊ ဒါ့ကြောင့် မိုးစပါးအပြင် နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း။

နိုင်ငံတော်အစိုးရက နယ်စွန်နယ်ဖျား မကျန်တစ်နိုင်ငံလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထားပြီး နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက် ရှိနေသည်ကို မြို့နယ်တာဝန်ရှိသူများက သိရှိသဘောပေါက်ပြီး မိမိမြို့နယ်အတွင်း ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူများ လူနေမှု တိုးတက်လာစေရန် ထိထိရောက်ရောက် စေတနာထား ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြန်မာနိုင်ငံ၌ အကြီးဆုံးတံတားကြီးဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)ကို ငွေကြေးအမြောက်အမြား ကျခံပြီး တည်ဆောက် ပေးလျက်ရှိကြောင်း၊ ဤတံတားကြီးတည်ဆောက်ပြီးစီးပါက မွန်ပြည်နယ်နှင့် ဆက်စပ်နေသည့် တနင်္သာရီတိုင်းအပါအဝင် ဒေသနေပြည်သူများ၏ သွားလာမှု လွယ်ကူမြန်ဆန်ရေး၊ လူမှုရေးနှင့် စီးပွားရေး တိုးတက် ဖြစ်ထွန်းမှုကို များစွာ အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း။

### အနာဂတ်ကိုမျှော်မှန်း

ယခုလိုတံတားကြီးများ၊လမ်းကြီးများ၊ ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနေခြင်းမှာ မည်သူ၏ တောင်းဆိုမှုကြောင့်မှ မဟုတ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရမည် ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သည့် စေတနာနှင့် အနာဂတ်ကာလကို မျှော်မှန်းပြီး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

မြို့နယ်တာဝန်ရှိသူများ အားလုံးကလည်း မိမိမြို့နယ်အတွင်း အခြေခံကျေးလက်ဒေသ အရောက်သွားပြီး လိုအပ်ချက်များ ပံ့ပိုးဖွယ်ရာများကို ပံ့ပိုးဆောင်ရွက် ပေးသွားရမှာဖြစ်ကြောင်း၊ ပြည်သူများနှင့် ကင်းကွာမနေဘဲ တစ်သားတည်းဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို သိအောင်လုပ်၊ ပံ့ပိုးနိုင်တာ ပံ့ပိုးပေးရမှာဖြစ်ကြောင်း၊ မိမိမဆောင်ရွက်နိုင်သည့် ကိစ္စမျိုးဖြစ်ပါကလည်း အထက်ကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် တင်ပြဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဗဟိုကနေ အောက်ခြေအဆင့်အထိ အမြဲတမ်းလေ့လာ ဖြည့်ဆည်းပေးလျက်ရှိရာ ခရိုင်၊ မြို့နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာ အကြီးအကဲများအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်သိသိ စေတနာရှိရှိဖြင့် ဝီရိယစိုက်ထုတ် အလုပ်လုပ်သွားကြရေး မှာကြားသည်။

### ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယို ပြစက်နှင့် ကွန်ပျူတာတစ်စုံကိုလည်းကောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကိုလည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုဒုံမြို့ ပြည်သူ့ဆေးရုံ အရေးပေါ်လူနာခန်း၊ခွဲစိတ်ခန်း၊ ဆေးဝါးသိုလှောင်ခန်း၊ ECG စမ်းသပ်ခန်းနှင့် ဓာတ်မှန်ဆောင်တို့ကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ Projected Media နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးသည်။

### သံလွင်တံတား(မော်လမြိုင်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ပြန်လည်ထွက်ခွာလာကြရာ လမ်းတွင် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းများကို ဝေဟင်မှ ကြည့်ရှုကြသည်။ ထို့နောက် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မော်လမြိုင်မြို့ အောင်ဆန်းခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်က လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိုးစပါးလျာထားချက်၊ စိုက်ပျိုးနိုင်မှု၊ အထွက်နှုန်းနှင့် ထွက်ရှိမှု၊ နွေစပါး လျာထားချက်နှင့် စိုက်ပျိုးနိုင်မှု၊ ဆောင်းသီးနှံမြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးထားမှု၊ ပဲမျိုးစုံ၊ မတ်ပဲ၊ ပဲတီစိမ်း စိုက်ပျိုးထားမှု၊ ငရုတ်ကောင်းအထူးစီမံချက်ချစိုက်ပျိုးနေမှု၊ ရော်ဘာပြည်နယ်ဖြစ်ရန် မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးနေမှု၊သားငါးကဏ္ဍနှင့် ပတ်သက်၍ ကြက်သားနှင့် ကြက်ဥထုတ်လုပ်နိုင်မှု အခြေအနေ၊ ငါးပုစွန် ထုတ်လုပ်မှု အခြေအနေ၊ ငါးပုစွန်မွေးမြူမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့ မွန်ပြည်နယ်ရှိ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများကို တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးဖွယ်ရာများနှင့်တကွ နိုင်ငံတော်၏ အခြေအနေများကို ရှင်းလင်းပြောကြားသွားမှာဖြစ်ကြောင်း။

မိမိဦးဆောင်ပြီး နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် ဇန်နဝါရီ ၂၄ရက်က စတင်ပြီး ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ဘားအံမြို့တွင် ဘားအံတက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များမှာကြား ပံ့ပိုးပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မြိုင်ကြီးငူဒေသသို့ သွားရောက်ခဲ့ပြီး မြိုင်ကြီးငူဆရာတော်ကြီးမှူး၍ တပည့်ဒါယကာ၊ ဒါယိကာမများက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူ

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့●**

● စာမျက်နှာ ၁၁ မှ

ဖြစ်စေရေးအတွက် တည်ဆောက်ပြီးစီးခဲ့သည့် အရှည် ၃၄မိုင်ရှိပြီး ကွန်ကရစ်တံတားကြီးများအပါအဝင် တံတားပေါင်း ၉၉စင်းပါဝင်သည့် မြိုင်ကြီးငူ–ဘားအံလမ်းမကြီးဖွင့်ပွဲ အခမ်းအနားကိုတက်ရောက်ခဲ့ကြောင်း။

**ပံ့ပိုးပေးခဲ့**

တစ်ဆက်တည်းမှာပင် ဘားအံမြောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး ဒေသတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းပြီး ဆက်လက်ဆောင်ရွက်ဖွယ်ရာများကို မှာကြားပြီး လိုအပ်မှုများကို ပံ့ပိုးပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ကော့ကရိတ်မြို့သို့ သွားရောက်ခဲ့ပြီး ကော့ကရိတ်ခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့စိုက်ပျိုး မွေးမြူသွားရေးများကို ဒေသတာဝန်ခံများကို မှာကြားခဲ့ကြောင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ပံ့ပိုးဖွယ်ရာများလည်း ပံ့ပိုးခဲ့ကြောင်း၊ ထို့နောက် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း။

ယနေ့တွင် မွန်ပြည်နယ် တောင်ဘက်ခြမ်း ဒေသများဖြစ်သည့် ရေး၊ သံဖြူဇရပ်၊မုဒုံမြို့နယ်များသို့သွားရောက်ခဲ့ပြီး အဆိုပါဒေသများ ဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးဖွယ်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဒေသတာဝန်ခံများကိုလည်း မှာကြားစရာရှိသည်များ မှာကြားခဲ့ကြောင်း။

**ပညာရေးမြင့်မားရေး**

အထူးသဖြင့် ပညာရေးကဏ္ဍတွင် မူလတန်းကျောင်းများ အသစ်ဖွင့်သင့်သည့်နေရာမှာ ဖွင့်နိုင်အောင်၊ အလယ်တန်း၊ အထက်တန်းအဆင့် တိုးမြှင့်သင့်သည့်ကျောင်းများကို တိုးမြှင့်ပေးနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်အောင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်နိုင်ရေး၊ အဆင့်မြှင့်တင်ရေး၊ ဆေးရုံအဆင့်မြှင့်တင် ပေးရေးစသည်တို့ကိုလည်း ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့ပြင် ဒေသ၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားစေရေးအတွက် လိုအပ်သည်များကို စနစ်တကျ စီမံချက်ချဆောင်ရွက်ရန်မှာကြားပြီး ပံ့ပိုးဖွယ်ရာများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း။

ယင်းသို့ ပြည်နယ်အစွန်အဖျားဒေသများသို့ ကိုယ်တိုင်သွားရောက်ပြီး ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းမှာ ပြည်ထောင်စုကြီး တစ်ရပ်လုံး ဟန်ချက်ညီညီမျှမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တာဝန်ရှိသူများ၊ ဗဟိုနှင့်ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုပေါင်းပြီး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြမှသာ အောင်မြင်ဖြစ်ထွန်းမည် ဆိုသည့် သဘောထားဖြင့် ယခုလိုလှည့်လည် ဆောင်ရွက်ပေးလျက်ရှိခြင်းဖြစ်ကြောင်း။

**ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားများစုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးသည် လွန်စွာအရေးကြီးကြောင်း၊ ဒါ့ကြောင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး ပြည်ထောင်စု၏ အစိတ်အပိုင်းဒေသများ အားလုံးမျှမျှတတဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လိုအပ်သည့်နေရာတိုင်းမှာ လိုအပ်သလို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဆိုသည့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုအရ နိုင်ငံတော်မှ တာဝန်ရှိသူများကိုယ်တိုင် အခြေခံဒေသများ အဆင့်အထိ သွားရောက်ပြီး ပံ့ပိုးဆောင်ရွက် ပေးနေခြင်းဖြစ်ကြောင်း။

၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့က ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို မိမိကိုယ်တိုင် ရှင်းလင်းအသိပေးကြေညာခဲ့ပြီးနောက် လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဤမူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ကဏ္ဍစုံ၊ အလွှာစုံမှ တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ပြီး ရည်မှန်းချက်အောင်မြင်အောင် ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဘဝ တောင့်တင်းခိုင်မာပြီး တိုင်းရင်းသား ပြည်သူများအားလုံး စားဝတ်နေရေးပြည့်စုံချောင်လည်စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အချက်များသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် မရှိလျှင်မဖြစ်သည့် လိုအပ်ချက်များပင်ဖြစ်ကြောင်း။

**ဆင့်ကဲတာဝန်ယူ**

ယင်းအခြေခံကြီးသုံးရပ် အကောင်အထည်ပေါ်ဖြစ်ထွန်းစေရေး၊ ပြည့်စုံစေရေးအတွက်ကို မဖြစ်မနေအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရင်း တစ်ချိန်တည်းမှာပင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ဦးစီးဦးဆောင်ပြုနေသည့် နိုင်ငံတော်အစိုးရ အပိုင်းမှလည်း တာဝန်ရှိသလို ဆင့်ကဲဆင့်ကဲ တာဝန်ခံ ဆောင်ရွက်နေကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာများမှာလည်း တာဝန်ရှိကြကြောင်း၊ သို့ဖြစ်၍ ယနေ့ ဤနေရာ၌ စုစည်းရောက်ရှိနေကြသည့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံးက ယနေ့ မှာကြားချက်များကို အလေးအနက် ထားပြီး မိမိတို့သွားမည့် အမျိုးသားရေး ပန်းတိုင် ရောက်ရှိစေရမည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် လိုအပ်ချက်များ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းစေရေးအတွက် ဆင့်ကဲဆင့်ကဲ တာဝန်ယူကြီးကြပ်ပြီး ကိုယ်ဖိရင်ဖိဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မွန်ပြည်နယ်သည် အေးချမ်းသာယာသော ပြည်နယ်တစ်ခုဖြစ်သလို ကရင်ပြည်နယ်သည်လည်းမကြာသောကာလမှာ တည်ငြိမ်ငြိမ်းချမ်းသာယာတော့မည့် ရောင်ခြည်များ စတင်တွေ့နေရပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်ရိုးသား ဖြောင့်မတ်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် တစ်နိုင်ငံလုံး အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးသည်လည်း အပြည့်အဝရရှိဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတွင် တာဝန်အရှိဆုံး အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ဌာနဆိုင်ရာတွင် ဆင့်ကဲဆင့်ကဲ တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

**စိုက်ပျိုးရေးအဓိက**

ပြည်သူအများ စားဝတ်နေရေး ချောင်လည်ရေး ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံပြီး စီးပွားရေးကို ထူထောင်နေသည့် တိုင်းပြည်ဖြစ်သည်နှင့်အညီ သမားရိုးကျ စိုက်ပျိုးရေးမှသည် စက်မှုလယ်ယာစနစ် အောင်မြင်ဖြစ်ထွန်းပြီး နောက်တစ်ဆင့်တွင် စက်မှုနိုင်ငံကြီးကို ထူထောင်ကြရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးဘဝ ဖြစ်ထွန်းအောင်၊ လူနေမှုဘဝ မြင့်မားအောင်၊ တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး ချောင်လည်အောင် ဆောင်ရွက်ရာတွင်စိုက်ပျိုးရေးလုပ်ငန်းသည်အဓိကဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက ကိုယ်ဖိရင်ဖိ တာဝန်သိသိဖြင့် ကြိုးစားပမ်းစား စေတနာရှေ့ထားပြီး ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

လူသားစွမ်းရည် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးအတွက် ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတွင် အဓိကတာဝန်ရှိကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး ဒေသရဲ့ လိုအပ်ချက်အပေါ် အခြေခံ၍ ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ မူလတန်းကျောင်းများ မဖွင့်ရသေးသည့် နေရာများမှာ ဖွင့်လှစ်ဖို့၊ အဆင့်မြှင့်ပေးရမည့် နေရာများ၌ အဆင့်မြှင့်ဖို့ တာဝန်ရှိသူများက အောက်ခြေအထိ ဆင်းပြီး ဒေသရဲ့ လိုအပ်ချက် အခြေအနေမှန်သိရှိအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းအားလုံးတွင် တာဝန်ရှိသည်နှင့်အညီ ဌာနတစ်ခုချင်း သူ့တာဝန် ကိုယ့်တာဝန်မခွဲဘဲ ပူးပေါင်းဆောင်ရွက်မှု၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုဖြင့် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

စီမံကိန်းကဏ္ဍအလိုက် ကော်မတီများဖွဲ့ပြီး အပြန်အလှန် ကူညီပံ့ပိုးမှုများဖြင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်က စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းများ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်ဖြစ်ထွန်းရေးမှာအောက်ခြေအဆင့် အကောင်အထည်ဖော်မှုများ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မှု၊ စာရင်းဇယား ကိန်းဂဏန်းများ မှန်ကန်မှုများအပေါ်မှာ တည်မှီလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်း/ခရိုင်/မြို့နယ်အဆင့်မှ တာဝန်ရှိသူများသည် ကိန်းဂဏန်းများ မှန်မှန်ကန်ကန်စိစစ်ပြီး မှန်ကန်သော ကိန်းဂဏန်းများဖြင့် ဝီရိယအား၊ စေတနာအားတို့ပေါင်းစပ်ကာ ကြိုးစားအကောင်အထည်ဖော်ကြဖို့လိုကြောင်း။

လွန်ခဲ့သည့် ဇန်နဝါရီလ ၁၇ရက်က ရန်ကုန်မြို့မှာ တရားရေးဌာနနှင့် ဥပဒေရေးရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီးမှာကြားဖွယ်ရာများကို မိမိမှာကြားခဲ့ပြီးဖြစ်ကြောင်း၊ တရားဥပဒေသည် နိုင်ငံ၏ အသက်ပင်ဖြစ်ကြောင်း၊ တရားဥပဒေနှင့်အညီသာလျှင် နိုင်ငံကို စီမံခန့်ခွဲရမှာဖြစ်ကြောင်း၊ အုပ်ချုပ်ရေးယန္တရားသည်လည်း ဥပဒေနှင့်အညီသာလျှင် စီမံခန့်ခွဲရတာဖြစ်ကြောင်း၊ ဥပဒေကို ထိန်းသိမ်းသည့် ပုဂ္ဂိုလ်များ ဥပဒေကို အခြေခံပြီး တရားစီရင်ရသည့် ပုဂ္ဂိုလ်များအနေဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ကြဖို့ လိုမှာဖြစ်ကြောင်း၊ တရားစီရင်ရာတွင်လည်း ဥပဒေလက်လွတ် ဆောင်ရွက်တာမျိုး မဖြစ်စေဘဲ မှန်မှန်ကန်ကန် စီရင်ကြဖို့ လိုကြောင်း၊ ဒေသအာဏာပိုင်များကလည်း ဥပဒေကို ကျော်လွှားပြီး ဝင်ရောက် စွက်ဖက်တာမျိုးလည်း မဖြစ်အပ်ကြောင်း။

**မှန်မှန်ကန်ကန်ကျင့်သုံး**

ထို့ကြောင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကို မှန်မှန်ကန်ကန်ကျင့်သုံးပြီး မှန်ကန်မျှတသည့် တရားစီရင်ရေးမှုနှင့်အညီ ကျင့်သုံးဆောင်ရွက်သွားမှသာလျှင် ပြည်သူများ၏ ဘဝလုံခြုံမှုရှိလာမှာဖြစ်ကြောင်း၊ ၎င်းကိုလည်း တရားရေးပိုင်းဆိုင်ရာ၊ ဥပဒေရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များက အလေးအနက်ထားပြီး ဆောင်ရွက်ကြဖို့ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်းမှာ နိုင်ငံတော်က ဆောင်ရွက်ပေးနေသော ဖွံ့ဖြိုးရေး လုပ်ငန်းကြီးများ များစွာရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လောလောဆယ်အားဖြင့် ထူးထူးခြားခြား ဆောင်ရွက်ပေးလျက်ရှိသည့် စီမံကိန်းလုပ်ငန်းကြီးမှာ မော်လမြိုင်–သံလွင် မြစ်ကူးတံတားကြီး တည်ဆောက်ရေးလုပ်ငန်းပင် ဖြစ်ကြောင်း၊ ဤတံတားကြီးသည် မြန်မာနိုင်ငံ၌ အကြီးဆုံး၊ အရှည်ဆုံး မော်တော်ယာဉ်နှင့် မီးရထားပါပြိုင်တူကူးနိုင်သည့် တံတားကြီးဖြစ်ကြောင်း၊ အကြီးဆုံးတံတား၊ အရှည်ဆုံးတံတား၊ တန်ဖိုးအရှိဆုံး တံတားကြီးဖြစ်ကြောင်း၊ ဤတံတားကြီးပြီးစီးရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်အားလုံး၊ ဒေသအားလုံးအပေါ်မှာ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ကျေးလက်အထိဆင်း၍ လိုအပ်သည့်နေရာတိုင်းမှာ ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ဒါ့အပြင် စိုက်ပျိုးရေးဖြစ်ထွန်းရေး၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူလယ်သမားများ၏ စီးပွားရေး အထောက်အကူ ဖြစ်စေရေးအတွက် အဇင်းဆည်၊ ဝင်းဖလုံဆည်၊ ဝါးပါးဆည်စသည့်ဆည်ကြီးများ တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ နောက်ထပ်လည်း ကတိုက်ဆည်ကဲ့သို့ တည်ဆောက်ဆဲဆည်များနှင့် ရေထိန်းတံခါးများလည်း ရှိနေကြောင်း။

**အထောက်အကူပြု**

ဤစီမံကိန်းကြီးများဆောင်ရွက်ပေးနေခြင်းသည်နိုင်ငံတော်၏စီးပွားရေးဘဝ အထောက်အကူပြုနိုင်ရေးနှင့် တောင်သူလယ်သမားများ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်စေရန် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူတော်ငွေပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အောင်ဆန်းခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၂ မှ

ထို့ကြောင့် ယင်းစီမံကိန်းများမှာ တာဝန်ယူဆောင်ရွက်ပေးနေကြသည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးကြဖို့လိုကြောင်း၊ ဆည်ရေရရှိရေးအပြင် ဆည်ရေကို မှန်မှန်ကန်ကန်တန်ဖိုးရှိရှိ အသုံးပြုနိုင်အောင် လိုအပ်သည့် ရေသွယ်မြောင်းများပြည့်စုံအောင် ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် နွေစပါး အမှန်တကယ်စိုက်ပျိုးရေးကို ဦးဆောင်ပံ့ပိုးကူညီပေးမှသာလျှင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတော်အတွက်၊ပြည်သူ့အတွက်အကျိုးဖြစ်ထွန်းမည်ဆိုသည်ကို ဌာနဆိုင်ရာများက သိမြင်ပြီး တာဝန်သိသိဖြင့် အားစိုက်ခွန်စိုက် ဆောင်ရွက်ကြဖို့လိုကြောင်း။

### အသိတရားရှိရှိဖြင့်ဆောင်ရွက်

ဒေသမှာရှိကြသည့် ပြည်သူများကလည်း နိုင်ငံတော်အစိုးရက မိမိတို့အတွက် ငွေကုန်ကြေးကျခံပြီး ဆောင်ရွက်ပေးထားသည့်ဆည်မြောင်းတာတမံကြီးများ မပျက်စီးရအောင် ထိန်းသိမ်းရေး၊ ဆည်ရေကို တန်ဖိုးရှိစွာအသုံးပြုပြီး စိုက်ပျိုးရေးမှာ ထိထိရောက်ရောက် အထောက်အကူပြုစေရေးတို့ကို အသိတရားရှိရှိဖြင့် ဆောင်ရွက်ကြဖို့ လိုမှာဖြစ်ကြောင်း။

ခြုံငုံပြောရလျှင် နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါပြီး မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် ဆောင်ရွက်ချက်များကို မွန်ပြည်နယ်အတွင်းမှာ ရှိကြသည့် ပြည်သူများနှင့် ဌာနဆိုင်ရာများက နားလည် သဘောပေါက်ဖို့လိုကြောင်း၊ ပြည်နယ်အတွင်းမှာ တာဝန်ရှိကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာ အကြီးအကဲများကလည်း တာဝန်နှင့် စေတနာ ပေါင်းစပ်ပြီး နိုင်ငံတော်၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ ဦးတည်ချက်များ အကောင်အထည်ပေါ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက်ကို အားလုံးကတာဝန်သိသိ၊ သစ္စာရှိရှိ၊ တက်ညီလက်ညီ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

### ပူဇော်ကန်တော့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၄ရက် ညပိုင်းတွင် မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်၍ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသ အမှူးပြုသော မွန်ပြည်နယ်ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မဟာမြတ်မုနိဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံ စေတီတော်မြတ်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်သလွံ စေတီတော်မြတ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြည်ညိုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ လောကမှန်ကူ စေတီတော်နှင့် လောကဦးသျှောင်စေတီတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ကျက်သရေဆောင်ဆံတော်ရှင် ဇိနမာန်အောင်(ဦးဇိန) စေတီတော်ကို သွားရောက် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)



ဇန်နဝါရီ ၂၆ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ညစာစားပွဲသို့တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ဇန်နဝါရီ ၂၆ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ ဩစတြေးလျနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Mr. Paul Grigsonနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ဇန်နဝါရီ ၂၆ရက်က တတိယအကြိမ်မြောက်မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာရက်သတ္တပတ်–၂၀၀၄ ပြပွဲကို လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ ဆက်လက်ကျင်းပရာ MICT Week-2004ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

## လူတွင်ဖြစ်ပွားနိုင်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး
## သတိပေးနှိုးဆော်ချက်

၁။ ယခုအခါ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအချို့၌ ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိပါသည်။ ဤရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး ကြက်ငှက်များမှတစ်ဆင့် လူများသို့ ကူးစက်ပျံ့နှံ့ကာ ရောဂါဖြစ်ပွားစေနိုင်ပါသည်။

၂။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခြင်းမရှိသေးသော်လည်း ကြက်ငှက်တုပ်ကွေးရောဂါ ဝင်ရောက်မလာနိုင်ရေးအတွက် ကာကွယ်ထားရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ ကြက်ငှက်များတွင် ဖြစ်ပွားသော တုပ်ကွေးရောဂါလက္ခဏာများမှာ–
(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း၊
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း၊
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း၊
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း၊
(င) အမောက်နှင့် ပါးပျဉ်းရောင်၍ ပြာနှမ်းလာခြင်း၊
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်ပြောက်များပေါ်လာခြင်း၊
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်းတို့ဖြစ်ပါသည်။

၄။ ကြက်ငှက်များတွင် တုပ်ကွေးရောဂါမဖြစ်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ–
(က) မွေးမြူရေးကြက်ငှက်များကို တောရိုင်း ကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားခြင်း၊
(ခ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုခြင်း၊
(ဂ) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်၊ သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုခြင်း၊
(ဃ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ခြင်း၊
(င) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများမဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းခြင်း၊
(စ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုခြင်းနှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံအတွင်း ဝင်ရောက်ခြင်းတို့ဖြစ်ပါသည်။

၅။ ကြက်ငှက်များမှတစ်ဆင့် လူများသို့ကူးစက်ခြင်းကို ကာကွယ်ရန်အတွက် ကြက်ငှက်များနှင့် ခြံထွက်ပစ္စည်းများကိုင်တွယ်ပြီးနောက် ကူးစက်မှုမရှိရန်–
(က) လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊
(ခ) ကြက်ငှက်အညစ်အကြေးများမှ ရောဂါမပျံ့ရန် ပိုးသန့်စင်ခြင်း၊
(ဂ) ကြက်ခြံနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို စနစ်တကျပြုလုပ်ခြင်း၊
(ဃ) ယခုကာလအတွင်း စားသောက်ဆိုင်များတွင် တောရိုင်းငှက်များကို သိလှောင်၊ ချက်ပြုတ် ရောင်းချမှု ရှောင်ကြဉ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။

၆။ ကြက်ငှက်များနှင့် ထိတွေ့မှုရှိသော လူများတွင် ရောဂါကူးစက်မှုဖြစ်လာပါက
(က) ပြင်းထန်စွာဖျားခြင်း
(ခ) ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသည်တို့ ဖြစ်ပွားပြီးသေဆုံးနိုင်ပါသည်။

၇။ ကြက်ငှက်များတွင် တုပ်ကွေးဖြစ်ပွားသေဆုံးခြင်းများ တွေ့ရှိပါက သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်နှင့် ကြက်ငှက်များနှင့် ထိတွေ့မှုရှိသောလူများတွင် တုပ်ကွေးရောဂါလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ပြသ၍ ကုသမှုခံယူရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန။**

## သံအမတ်ကြီး ဦးနေဝင်း
## ကိုရီးယားသမ္မတထံ ခန့်အပ်လွှာပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ဆိုးလ်မြို့၌ ကိုရီးယား သမ္မတနိုင်ငံ သမ္မတ မစ္စတာနိုမူဟွန်ထံ ပေးအပ်ပြီးဖြစ်သည်။ (သတင်းစဉ်)

## သံအမတ်ကြီး ဦးစောလှမင်း
## ဂျပန်ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် တိုကျိုမြို့၌ ဂျပန်နိုင်ငံ ဧကရာဇ် ဘုရင်မင်းမြတ် အကီဟီတိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

* တပ်မတော်နှင့်ပြည်သူ ကြည်ဖြူလက်တွဲချီတက်လျှက် နိုင်ငံတော် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို ဖော်ညွှန်းထားသည့် စာအုပ်ဖြစ်ပါသည်-
* တပ်မတော်သည် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ချီတက်ထမ်းဆောင်ရင်း တစ်ဖက်ကလည်း ဒို့တာဝန်အရေးသုံးပါးကို စွမ်းစွမ်းတမံဆောင်ရွက်နေသည်များကို ဖော်ညွှန်းပြဆိုထားသည့် စာအုပ်ဖြစ်ပါသည်-
* ထာဝရမှတ်တမ်းမှတ်ရာ သိမ်းဆည်းထားရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အောင်ပွဲများကို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုထုတ်ဝေလိုက်သည်-

**တက္ကသိုလ်တင်စာ၏ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အောင်ပွဲများ**



ရက်ပိုင်းအတွင်းဖြန့်ချိပါမည်

-သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါမည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

☎-၂၉၄၃၀၆


ပဲဆီစစ်စစ်၊ နှမ်းဆီစစ်စစ် စားလိုသူများ ...

09-5003646,

ⓒ : 382323,382337, 251230, 681310, 728282, 660283, 02 - 80227



**အလိုရှိသည်**

**(ပြည်တွင်း၌သာခန့်ထားရန်)**

**မိုမိုအလှပြင်ဆိုင်**

ဆံပင်ညှပ်ကျွမ်းကျင်၊ ခေါင်းလျှော်ကျွမ်းကျင် မ-၃ဦးစီ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။

**တိုက်(၆) အခန်း(၀၀၄)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။**



**၁၀၂ နှစ်မြောက် ဈောင်လေးပင် လုဒ်(စ်)မယ်တော်ပွဲ**

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ

(၆) (၇) (၈) ရက်



သင့်လုပ်ငန်းတွေတိုးတက်အောင်မြင်စေဖို့အတွက်




PRIME - BOSS Company Limited

SERVICE CENTER - 127-131, SULE PAGODA RD., KYAUKTADA TSP., YANGON.

Tel: 95-1-371303, 253509,
95-1-253943, 246946, 09-99-23778

SERVICE CENTER (MANDALAY) - 34th ST., BETWEEN 80th & 81st ST., MANDALAY.



Myanmar ICT Week 2004

ပြပွဲကို

31- 1-2004 အထိ

(ရက်တိုး) ပြသသွားမည်ဖြစ်သည်။





မီမီဝင်းဖေ

ခေတ်အာရိပ်တေးများ

တေးဂီတ - ဇော်မျိုးထွဋ်

အသံဖမ်း - တိုနီ(လင်း)

ဒါရိုက်တာ - မဟာ

Tape, CD, VCD

ထွက်ပြီ

၂၇-၁-၂၀၀၄ရက်နေ့


## Myanmar ICT Week-2004
## ပြပွဲ ရက်တိုးမြှင့်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၆

**တတိယအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲကို စိတ်ပါဝင်စားစွာ လေ့လာအားပေးကြသူများ များပြားလျက်ရှိသဖြင့် ပြပွဲကို ဇန်နဝါရီ ၃၁ရက် (စနေနေ့)အထိ ရက်တိုးမြှင့်ပြီး ဖွင့်လှစ်ပြသမည်ဖြစ်သည်။**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁-၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနှာဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၁၅ | ၄။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၂၅ | ၅။ အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄:၃၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၅၀ | ၇။ မျိုးချစ်တပ်မတော် |
| ၅:၀၀ | ၈။ **အခြေခံပညာရေးဖို့ချမှုအစီအစဉ်** (က) ပထမနှစ် (စိတ်ပညာ) (ခ) ပထမနှစ် (အရှေ့တိုင်းပညာ) |
| ၅:၃၀ | ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့ |
| ၅:၄၅ | ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၃။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၄။ မြန်မာ့ရှုခင်း |
| ၆:၄၀ | ၁၅။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း တစ်ရေးချစ်ခွင့် (အပိုင်း-၁)** |
| ၈:၀၀ | ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| | ၁၉။ လျှပ်တစ်ပြက်ရိုက်ချက် |
| | ၂၀။ တိုင်းကျိုးပြည်ပြု တည်ဆောက်မှု |
| | ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၅)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

# နွေရာသီအထူးအစီအစဉ်ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ ICT ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုတွင် TECH Training Centre မှ တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် MICT နှစ်ပတ်လည် အထိမ်းအမှတ် ပြပွဲကာလမှစတင်၍ ဖေဖော်ဝါရီ လကုန်အထိ သင်တန်းများ အားလုံး ၃၀ ရာခိုင်နှုန်း Discount ဖြင့် လက်ခံ သွားမည်ဖြစ်ကြောင်း သိရသည်။

**သင်ကြားပေး**

TECH Training Centre တွင် Office Application, Hardware, Networking DTP, Gra-phic Design, Webpage, ICT Programming သင်တန်းများအပြင် ကွန်ပျူတာသင်တန်းမျိုးစုံအား ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

**ဖွင့်လှစ်**

ယခုလအတွင်း Internet ပေါ်တွင် Dynamic Website များ ဖန်တီးနိုင်ရန်နှင့် Online Project များ ရေးသားနိုင်ရန် Web Development (ASP Programming) Course ကို ဖွင့်လှစ်ထားရှိသည်။ သင်တန်းကာလမှာ နှစ်လဖြစ်သည်။ ထို့ပြင် နွေရာသီအထူးအစီအစဉ်အဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားများအတွက် နွေသီးသန့်ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းများလည်း နှစ်စဉ်သင်ကြား လျက်ရှိသည်။

**နိုင်ငံတကာ အသိအမှတ်ပြု**

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ အတွက် နိုင်ငံတကာ အသိအမှတ်ပြု IT Diploma & Engineering Diploma များ ရရှိရန် City & Guilds (UK) International၏ Approved Centre ရယူပြီး Diploma, Advanced Diploma များ ရရှိအောင် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**စုံစမ်းနိုင်**

သင်တန်းများ တက်ရောက်လိုပါက TECH Training Centre အမှတ် (၄၁)၊ ရန်ကုန်–အင်းစိန်လမ်းမကြီး လှည်းတန်းမီးပွိုင့်အနီး ဖုန်း–၅၃၉၅၃၁၊ ၅၀၅၉၈၆ နှင့် ၇၀၅၇၀၂ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)



# ဓမ္မဖြင့် ဘဝကို မွမ်းမံတည်ဆောက်ခြင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အရှင်ကောဏ္ဍည (သာသနာ့တက္ကသိုလ်)၏ ဓမ္မဖြင့် ဘဝကိုမွမ်းမံတည်ဆောက်ခြင်းစာအုပ်ကို အမှတ် (၄၁၆)၊ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့် ရန်ကုန်မြို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က–ပ)

# မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄

## ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်က ချမှတ်ထားသော " စီးပွားကူးသန်းရှေ့သို့လှမ်း "ဟူသော ဆောင်ပုဒ်နှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍရပ်များ ရှေ့သို့ တက်လှမ်းနိုင်စေရန် ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်း အရည်အသွေး မြင့်မားစေရန်နှင့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းစေရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)၏ ခွင့်ပြုလမ်းညွှန်မှု၊ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားဒေသခံ ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် "မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄" ကို ကျိုင်းတုံမြို့တွင် ဖေဖော်ဝါရီ၁၉ ရက်မှ ၂၃ ရက်ထိလည်းကောင်း၊ တာချီလိတ်မြို့တွင် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်ထိလည်းကောင်း Media Essential မှ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ " မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ "တွင် အလှကုန် ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုးနှင့် ပြည်တွင်းဖြစ် အနောက်တိုင်းဆေး ဝါးအမျိုးမျိုး၊ ကျောင်းသုံး၊ ရုံးသုံးဗလာစာအုပ်အမျိုးမျိုးနှင့် စာရေးကိရိယာများ၊ အဝတ်အထည်များနှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ မီးဖိုဆောင်သုံးပစ္စည်းအမျိုးမျိုး၊ အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ပန်းချီကားများ၊ မြန်မာမှုပရိဘောဂများ၊ လက်မှုပစ္စည်းများ အစရှိသည်တို့ ပါဝင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ " မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄" တွင် အဆင့်မြင့် မြန်မာ့ထုတ်ကုန် ပစ္စည်းများကို ကြော်ငြာသရုပ်ပြ တင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်မည်ဖြစ်ပြီး ပါဝင်ပြသလိုသော ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအား စနစ်တကျ စီစဉ်ပေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Media Essential ဖုန်း–၀၁–၅၉၃၁၉၉ သို့ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ (က–ပ)



**ဇန်နဝါရီ၁၀ ရက်က တာမွေ အ–မ–က(၂၂)တွင် ကျောင်းစကြီ အလှူရှင် ဦးမောင်မောင်–ဒေါ်လှမြင့် တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဂုဏ်ပြု မှတ်တမ်းပေးအပ်စဉ်။**

(က–ပ)

# အိမ်တွင်းအလှဆင်လုပ်ငန်းများ ဝန်ဆောင်မှုပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ဂန္ဓဝင်ဗိသုကာကုမ္ပဏီ Classical Architect Co., Ltd. မှ အဆောက်အအုံ၏ ဗိသုကာဒီဇိုင်း ရေးဆွဲခြင်း၊ ခိုင်ခံ့မှုတွက်ချက်ခြင်း၊ အတွင်းခန်း အလှဆင်ဒီဇိုင်းနှင့် မြေခင်း အလှဆင် ဒီဇိုင်းရေးဆွဲခြင်း၊ စတီးနှင့်ပတ်သက်သည့် လုပ်ငန်းအားလုံး ပြုလုပ်တပ်ဆင်ခြင်း၊ ပါကေး လျှာထိုးနှင့် ကျွန်းပရိဘောဂမျိုးစုံ ပြုလုပ်တပ်ဆင်ခြင်း၊ ဂျက်ဆင်ဘုတ်၊ ပလာစတာဘုတ်၊ ပလာစတာ ကော်နစ်တို့ဖြင့် မျက်နှာကြက်အလှဆင်ခြင်း လျှပ်စစ်နှင့် ရေသန့်လုပ်ငန်းများ အပြင် အဆောက်အအုံ များကို PAE ပုတ်ပြတ်စနစ်ဖြင့် ဆောက်လုပ်ပေး လျက်ရှိသည်။ အဆိုပါ ကုမ္ပဏီသည် ဗိသုကာပညာရှင်များနှင့် အင်ဂျင်နီယာ များ ပေါင်းစု တည်ထောင်ထားသော ကုမ္ပဏီဖြစ်သည်။

အသေးစိတ်သိလိုပါက ဂန္ဓဝင်ဗိသုကာ ကုမ္ပဏီ အမှတ်(၁၆၂ အေ–၂) ကျိုက္ကဆံလမ်း (ကျောက်မြောင်း မီးပွိုင့်အနီး) တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၅၅၇၄၀၈နှင့် ၀၉–၈၀–၂၄၂၃၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

# ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးမှုသင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အတိုင်ပင်ခံ ကုမ္ပဏီလီမိတက်မှ Leadership Skills Development Course ကို ဖေဖော်ဝါရီ ဒုတိယပတ်မှ စတင်ပြီး ရုံးချိန်၊ ကျောင်းချိန် ပြင်ပဖွင့်လှစ် သင်ကြားမည်ဖြစ်ရာ ခေါင်းဆောင်မှု ပညာရပ်ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ အဆိုပါ သင်တန်းတွင် What is Leadership? How to Set and Achieve Career Goals? The Key to Success in Any Career, How to Get More Done in Less Time? The Art of Persuasion and Negotitation, What to Avoid Putting into Writing? How to Present Boring Details? The Guide to Understand Technology as a Leader, How to Manage Under Pressure, First Hired Last Fird, Importance of Attitude in Leadership, Public Speaking နှင့်အခြားခေါင်းဆောင်မှု ပညာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းအပြင် MBA ဝင်ခွင့်ဖြေဆိုလိုသူများအတွက် GMAT သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ စီးပွားရေးပညာ မဟာဘွဲ့ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်လိုပါက Mentobmc အမှတ် (၃၈၉)၊ ဗိုလ်အောင်ကျော် (အထက်)လမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း–၂၉၁၃၅၈ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)



**ဇန်နဝါရီ၃ ရက်က အင်းစိန်မြို့နယ် အလက (၁၁) ပညာရေးစုံညီပွဲတော်၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လှိုင်က ကျောင်းလုပ်ငန်း လှုပ်ရှားမှု တံခွန်စိုက်ဆုရရှိသော အစိမ်းအသင်းခေါင်းဆောင် ဆရာမ ဒေါ်ခင်ဝေကျော်အား ဆုချီးမြှင့်စဉ်။**

(က–ပ)

# ကျန်းမာရေးအတွက် စက်များဖြင့် လေ့ကျင့်နိုင်

**ရန်ကုန် ဇန်နဝါရီ ၂၆**

စက်ပေါ် ၁၅ မိနစ်ရပ်ရုံဖြင့် လေးနာရီ လမ်းလျှောက်ခြင်းနှင့် ညီမျှသည့် သွေးလည်ပတ်မှုကို ဖြစ်စေသည့်အပြင် အဆီကျလိုသူများ တစ်လ ငါးပေါင်မှ ပေါင် ၂၀ အထိ ကျနိုင်သည့် Blood Circulation Device (BDC) စက်များဖြင့် အကြောအခြင်တောင့်တင်း၊ ခြေလက်ထုံကျဉ်၊ လေးလံ၊ ဒူးနာ၊ ခါးနာ၊ လေးဘက်နာ၊ ကျီးပေါင်းနှင့် အာရုံကြော အားနည်းခြင်းများအတွက် လေ့ကျင့်ပေးလျက်ရှိရာ လေ့ကျင့်လိုသူများ ကျိုက္ကဆံလမ်း (သတိပဋ္ဌာန်လမ်းထိပ်)၊ အနော်ရထာလမ်း (၃၇လမ်းထိပ်)၊ ရွှေတိဂုံဘုရားလမ်း (အောက်)၊ ကျိုက္ကဆံ ILBC အနီး သဃ်န်းကျွန်းနှင့် စမ်းချောင်းတို့ရှိ ငွေစင်ဦးခန်းမများတွင် သွားရောက် လေ့ကျင့်နိုင်ကြောင်းနှင့် ဖုန်း–၅၄၈၂၀၉၊ ၂၅၃၂၄၇၊ ၃၇၉၁၄၉၊ ၂၄၇၄၅၀နှင့် ၇၂၁၁၉၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

# မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုပြစ်ဒဏ်ချမှတ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန် မူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် သတင်းအရ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်တွေ့ရှိရသူ သန်းလွင်(ခ) ကုလားအားရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၄၀ ဖမ်းဆီးရမိခဲ့သည်။

**အမှုဖွင့်အရေးယူ**

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းနေ ဦးတင်ထွေး၏သား သန်းလွင်(ခ)ကုလားအား အလုံရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၁/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က) အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် တရားခံ သန်းလွင် (ခ) ကုလားအား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ ထောင်ဒဏ်နှစ် ၂၀ ပြစ်ဒဏ် ချမှတ်ခဲ့သည်။

(သတင်းစဉ်)

# DCD ၏ Intel Product Redemption

## ကံစမ်းမဲဖွင့်လှစ်ပြီး ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**

DCD Co.Ltd သည် မြန်မာပြည်အတွင်း Intel ထုတ်ကုန်များကို ဖြန့်ဖြူးရောင်းချရန်အတွက် Authorized Distributor ရရှိထားသူ ဖြစ်သည်။ Intel ထုတ်ကုန်များကို ဝယ်ယူသုံးစွဲ ပြန်လည်ဖြန့်ဖြူးပေးနေကြသော Dealer များ၊ End User များအား DCD ၏ Redemption နှင့် ကံစမ်းမဲ လက်ဆောင်ချီးမြှင့်ပွဲကို ဇန်နဝါရီ၂၂ရက် ညနေပိုင်းတွင် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာအဆောက်အအုံ (MICT Park)၌ ကျင်းပသည်။ ထို့နောက် ထုတ်ကုန်များကို အများဆုံး ဖြန့်ဖြူးပေးကြသော CTT Computer, Micro Computer, Geo-comp Myanmar, Spring Technologies & Systems, Winner Computer Group (YGN), Digit Tech Computer, Lucky Bird, Discovery Digital Mart, Forever Group, Future Tech, Winner (MDY) တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဧည့်သည်တော်များက ကံထူးသူ End User များကို မဲနှိုက်ရွေးချယ်ပေးကြသည်။ ကံထူးရှင် ၁၀ ဦးအနေဖြင့် တစ်မတ်သားရွှေဆွဲပြား တစ်ခုစီရရှိခဲ့ကြောင်း သိရှိရပါသည်။

DCD Co,Ltd မှနေ၍ Intel ထုတ်ကုန်များကို အကောင်းဆုံးဝန်ဆောင်မှု၊ အချိုသာဆုံးဈေးနှုန်းဖြင့် ဆက်လက် ဖြန့်ဖြူးသွားမည်ဖြစ်ရာ ဝယ်ယူလိုသူများအနေဖြင့် DCD အရောင်းပြခန်းတည်ရှိရာ အမှတ် (၅၁–၅၃)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၉၇၃၃၂၊ ၂၉၆၁၂၆ နှင့် အမှတ် (၄၇၃)၊ ၈၂ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့၊ ဖုန်း–၀၂–၃၃၆၅၃ တို့သို့ ဆက်သွယ်နိုင်သည်။ (က–ပ)

# အလင်းရောင်တိုင်းရင်းဆေးများ ထုတ်လုပ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လျက်ရှိသော ဦးသန်းဆွေ–ဒေါ်မို (အလင်းရောင်ဆေးတိုက်)မှ ဆရာဦးသန်းဆွေ အမှတ်တံဆိပ် အလင်းရောင်မျက်စိအားပေး အကြောပဒေသာ စားဆေး၊ အလင်းရောင်မျက်စဉ်းဆေးရည်၊ ဝမ်းပုပ်ချဆေးပြား၊ အညော်ခံအခိုးပွင့်ဆေးမှုန့်၊ အလင်းရောင်သွေးဆေး၊ ဝိပ္ပလိ အစာကြေလျှက်ဆား၊ မျက်စိအားတိုးဆေး၊ အစာကြေလေပုပ်ထုတ်ဆေးများကို ဦးစိုးတင့် (အလင်းရောင် ဆေးတိုက်)မှ ထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိသည်။

**ဝယ်ယူရရှိနိုင်**

အဆိုပါတိုင်းရင်းဆေးများကို အလင်းရောင်ဆေးတိုက်၊ အမှတ်(ဧ/၃၉၅)၊ မဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်၊ ဖုန်း–၆၉၉၈၉၉၊ ၆၉၉၂၃၆ နှင့် အမြို့မြို့ရှိဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။(က–ပ)

# နွေရာသီအထူးအစီအစဉ်ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ ICT ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုတွင် TECH Training Centre မှ တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် MICT နှစ်ပတ်လည် အထိမ်းအမှတ် ပြပွဲကာလမှစတင်၍ ဖေဖော်ဝါရီ လကုန်အထိ သင်တန်းများအားလုံး ၃၀ ရာခိုင်နှုန်း Discount ဖြင့် လက်ခံ သွားမည်ဖြစ်ကြောင်း သိရသည်။

**သင်ကြားပေး**

TECH Training Centre တွင် Office Application, Hardware, Networking DTP, Gra-phic Design, Webpage, ICT Programming သင်တန်းများအပြင် ကွန်ပျူတာသင်တန်းမျိုးစုံအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**ဖွင့်လှစ်**

ယခုလအတွင်း Internet ပေါ်တွင် Dynamic Website များ ဖန်တီးနိုင်ရန်နှင့် Online Project များ ရေးသားနိုင်ရန် Web Development (ASP Programming) Course ကို ဖွင့်လှစ်ထားရှိသည်။ သင်တန်းကာလမှာ နှစ်လဖြစ်သည်။ ထို့ပြင် နွေရာသီအထူးအစီအစဉ်အဖြစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားများအတွက် နွေသီးသန့်ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းများလည်း နှစ်စဉ်သင်ကြားလျက်ရှိသည်။

**နိုင်ငံတကာ အသိအမှတ်ပြု**

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက် နိုင်ငံတကာ အသိအမှတ်ပြု IT Diploma & Engineering Diploma များ ရရှိရန် City & Guilds (UK) International၏ Approved Centre ရယူပြီး Diploma, Advanced Diploma များ ရရှိအောင် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**စုံစမ်းနိုင်**

သင်တန်းများ တက်ရောက်လိုပါက TECH Training Centre အမှတ် (၄၁)၊ ရန်ကုန်–အင်းစိန်လမ်းမကြီး လှည်းတန်းမီးပွိုင့်အနီး ဖုန်း–၅၃၉၅၃၁၊ ၅၀၅၉၈၆ နှင့် ၇၀၅၇၀၂ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)




## ဓမ္မဖြင့် ဘဝကို မွမ်းမံတည်ဆောက်ခြင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အရှင်ကောဏ္ဍည (သာသနာ့တက္ကသိုလ်)၏ ဓမ္မဖြင့် ဘဝကိုမွမ်းမံတည်ဆောက်ခြင်းစာအုပ်ကို အမှတ် (၄၁၆)၊ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့် ရန်ကုန်မြို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က–ပ)

# မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄

## ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်




**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်က ချမှတ်ထားသော “ စီးပွားကူးသန်းရှေ့သို့လှမ်း ”ဟူသော ဆောင်ပုဒ်နှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍရပ်များ ရှေ့သို့ တက်လှမ်းနိုင်စေရန် ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်း အရည်အသွေးမြင့်မားစေရန်နှင့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းစေရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အရှေ့ပိုင်း)၏ ခွင့်ပြုလမ်းညွှန်မှု၊ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားဒေသခံ ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် “မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄” ကို ကျိုင်းတုံမြို့တွင် ဖေဖော်ဝါရီ၁၉ ရက်မှ ၂၃ ရက်ထိလည်းကောင်း၊ တာချီလိတ်မြို့တွင် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်ထိလည်းကောင်း Media Essential မှ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ “ မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ ”တွင် အလှကုန် ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုးနှင့် ပြည်တွင်းဖြစ် အနောက်တိုင်းဆေး ဝါးအမျိုးမျိုး၊ ကျောင်းသုံး၊ ရုံးသုံးဗလာစာအုပ်အမျိုးမျိုးနှင့် စာရေးကိရိယာများ၊ အဝတ်အထည်များနှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ မီးဖိုဆောင်သုံးပစ္စည်းအမျိုးမျိုး၊ အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ပန်းချီကားများ၊ မြန်မာမှုပရိဘောဂများ၊ လက်မှုပစ္စည်းများ အစရှိသည်တို့ ပါဝင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ “ မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄” တွင် အဆင့်မြင့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ကြော်ငြာသရုပ်ပြ တင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်မည်ဖြစ်ပြီး ပါဝင်ပြသလိုသော ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအား စနစ်တကျ စီစဉ်ပေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Media Essential ဖုန်း–၀၁–၅၉၃၁၉၉ သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ (က–ပ)



ဇန်နဝါရီ၁၀ ရက်က တာမွေ အ–မ–က(၂၂)တွင် ကျောင်းစကြံ အလှူရှင် ဦးမောင်မောင်–ဒေါ်လှမြင့်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်။ (က–ပ)

# အိမ်တွင်းအလှဆင်လုပ်ငန်းများ ဝန်ဆောင်မှုပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ဂန္ထဝင်ဗိသုကာကုမ္ပဏီ Classical Architect Co., Ltd. မှ အဆောက်အအုံ၏ ဗိသုကာဒီဇိုင်းရေးဆွဲခြင်း၊ ခိုင်ခံ့မှုတွက်ချက်ခြင်း၊ အတွင်းခန်း အလှဆင်ဒီဇိုင်းနှင့် မြေခင်းအလှဆင် ဒီဇိုင်းရေးဆွဲခြင်း၊ စတီးနှင့်ပတ်သက်သည့် လုပ်ငန်းအားလုံးပြုလုပ်တပ်ဆင်ခြင်း၊ ပါကေး လျှာထိုးနှင့် ကျွန်းပရိဘောဂမျိုးစုံ ပြုလုပ်တပ်ဆင်ခြင်း၊ ဂျက်ဆင်ဘုတ်၊ ပလာစတာဘုတ်၊ ပလာစတာ ကော်နစ်တို့ဖြင့် မျက်နှာကြက်အလှဆင်ခြင်း လျှပ်စစ်နှင့် ရေသန့်လုပ်ငန်းများ အပြင် အဆောက်အအုံ များကို PAE ပုတ်ပြတ်စနစ်ဖြင့် ဆောက်လုပ်ပေးလျက်ရှိသည်။ အဆိုပါ ကုမ္ပဏီသည် ဗိသုကာပညာရှင်များနှင့် အင်ဂျင်နီယာများ ပေါင်းစု တည်ထောင်ထားသော ကုမ္ပဏီဖြစ်သည်။

အသေးစိတ်သိလိုပါက ဂန္ထဝင်ဗိသုကာ ကုမ္ပဏီ အမှတ်(၁၆၂ အေ–၂) ကျိုက္ကဆံလမ်း (ကျောက်မြောင်းမီးပွိုင့်အနီး) တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၅၅၇၄၀၈နှင့် ၀၉–၈၀–၂၄၂၃၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

# ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးမှုသင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အတိုင်ပင်ခံကုမ္ပဏီလီမိတက်မှ Leadership Skills Development Course ကို ဖေဖော်ဝါရီ ဒုတိယပတ်မှ စတင်ပြီး ရုံးချိန်၊ ကျောင်းချိန် ပြင်ပဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ခေါင်းဆောင်မှုပညာရပ်ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် What is Leadership? How to Set and Achieve Career Goals? The Key to Success in Any Career, How to Get More Done in Less Time? The Art of Persuasion and Negotitation, What to Avoid Putting into Writing? How to Present Boring Details? The Guide to Understand Technology as a Leader, How to Manage Under Pressure, First Hired Last Fird, Importance of Attitude in Leadership, Public Speaking နှင့်အခြားခေါင်းဆောင်မှုပညာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းအပြင် MBA ဝင်ခွင့်ဖြေဆိုလိုသူများအတွက် GMAT သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ စီးပွားရေးပညာ မဟာဘွဲ့ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်လိုပါက Mentobmc အမှတ် (၃၈၉)၊ ဗိုလ်အောင်ကျော် (အထက်)လမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း–၂၉၁၃၅၈ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)



ဇန်နဝါရီ၃ ရက်က အင်းစိန်မြို့နယ် အလက (၁၁) ပညာရေးစုံညီပွဲတော်၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လှိုင်က ကျောင်းလုပ်ငန်းလှုပ်ရှားမှု တံခွန်စိုက်ဆုရရှိသော အစိမ်းအသင်းခေါင်းဆောင် ဆရာမ ဒေါ်ခင်ဝေကျော်အား ဆုချီးမြှင့်စဉ်။ (က–ပ)

# မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုပြစ်ဒဏ်ချမှတ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန် မူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် သတင်းအရ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်တွေ့ရှိရသူ သန်းလွင်(ခ) ကုလားအားရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ ဒုဗလျူပိုင်စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၄၀ ဖမ်းဆီးရမိခဲ့သည်။

**အမှုဖွင့်အရေးယူ**

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းနေ ဦးတင်ထွေး၏သား သန်းလွင်(ခ)ကုလားအား အလုံရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၁/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က) အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် တရားခံ သန်းလွင် (ခ) ကုလားအား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ ထောင်ဒဏ်နှစ် ၂၀ ပြစ်ဒဏ် ချမှတ်ခဲ့သည်။ (သတင်းစဉ်)

# အလင်းရောင်တိုင်းရင်းဆေးများ ထုတ်လုပ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လျက်ရှိသော ဦးသန်းဆွေ–ဒေါ်မှီ (အလင်းရောင်ဆေးတိုက်)မှ ဆရာဦးသန်းဆွေ အမှတ်တံဆိပ် အလင်းရောင်မျက်စိအားပေး အကြောပဒေသာ စားဆေး၊ အလင်းရောင်မျက်စဉ်းဆေးရည်၊ ဝမ်းပုပ်ချဆေးပြား၊ အညှော်ခံအခိုးပွင့်ဆေးမှုန့်၊ အလင်းရောင်သွေးဆေး၊ ဝိပ္ပလိ အစာကြေလျှက်ဆား၊ မျက်စိအားတိုးဆေး၊ အစာကြေလေပုပ်ထုတ်ဆေးများကို ဦးစိုးတင့် (အလင်းရောင် ဆေးတိုက်)မှ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

**ဝယ်ယူရရှိနိုင်**

အဆိုပါတိုင်းရင်းဆေးများကို အလင်းရောင်ဆေးတိုက်၊ အမှတ်(၈/၃၉၅)၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်၊ ဖုန်း–၆၉၉၈၉၉၊ ၆၉၉၂၃၆ နှင့် အမြို့မြို့ရှိဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။(က–ပ)

# ကျန်းမာရေးအတွက် စက်များဖြင့် လေ့ကျင့်နိုင်

**ရန်ကုန် ဇန်နဝါရီ ၂၆**

စက်ပေါ် ၁၅မိနစ်ရပ်ရုံဖြင့် လေးနာရီ လမ်းလျှောက်ခြင်းနှင့် ညီမျှသည့် သွေးလည်ပတ်မှုကို ဖြစ်စေသည့်အပြင် အဆီကျလိုသူများ တစ်လ ငါးပေါင်မှ ပေါင် ၂၀ အထိ ကျနိုင်သည့် Blood Circulation Device (BDC) စက်များဖြင့် အကြောအခြင်တောင့်တင်း၊ ခြေလက်ထုံကျဉ်၊ လေးလံ၊ ဒူးနာ၊ ခါးနာ၊ လေးဘက်နာ၊ ကျီးပေါင်းနှင့် အာရုံကြော အားနည်းခြင်းများအတွက် လေ့ကျင့်ပေးလျက်ရှိရာ လေ့ကျင့်လိုသူများ ကျိုက္ကဆံလမ်း (သတိပဋ္ဌာန်လမ်းထိပ်)၊ အနော်ရထာလမ်း (၃၇လမ်းထိပ်)၊ ရွှေတိဂုံဘုရားလမ်း (အောက်)၊ ကျိုက္ကဆံ ILBC အနီး သဃ်န်းကျွန်းနှင့် စမ်းချောင်းတို့ရှိ ငွေစင်ဦးခန်းမများတွင် သွားရောက်လေ့ကျင့်နိုင်ကြောင်းနှင့် ဖုန်း–၅၄၈၂၀၉၊ ၂၅၂၂၄၇၊ ၃၇၉၁၄၉၊ ၂၄၇၄၅၀နှင့် ၇၂၁၁၉၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

# DCD ၏ Intel Product Redemption

## ကံစမ်းမဲဖွင့်လှစ်ပြီး ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**

DCD Co.Ltd သည် မြန်မာပြည်အတွင်း Intel ထုတ်ကုန်များကို ဖြန့်ဖြူးရောင်းချရန်အတွက် Authorized Distributor ရရှိထားသူ ဖြစ်သည်။ Intel ထုတ်ကုန်များကို ဝယ်ယူသုံးစွဲ ပြန်လည်ဖြန့်ဖြူးပေးနေကြသော Dealer များ၊ End User များအား DCD ၏ Redemption နှင့် ကံစမ်းမဲ လက်ဆောင်ချီးမြှင့်ပွဲကို ဇန်နဝါရီ၂၂ရက် ညနေပိုင်းတွင် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာအဆောက်အအုံ (MICT Park)၌ ကျင်းပသည်။ ထို့နောက် ထုတ်ကုန်များကို အများဆုံး ဖြန့်ဖြူးပေးကြသော CTT Computer, Micro Computer, Geo-comp Myanmar, Spring Technologies & Systems, Winner Computer Group (YGN), Digit Tech Computer, Lucky Bird, Discovery Digital Mart, Forever Group, Future Tech, Winner (MDY) တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဧည့်သည်တော်များက ကံထူးသူ End User များကို မဲနှိုက်ရွေးချယ်ပေးကြသည်။ ကံထူးရှင် ၁၀ ဦးအနေဖြင့် တစ်မတ်သားရွှေဆွဲပြား တစ်ခုစီရရှိခဲ့ကြောင်း သိရှိရပါသည်။

DCD Co,Ltd မှနေ၍ Intel ထုတ်ကုန်များကို အကောင်းဆုံးဝန်ဆောင်မှု၊ အချိုသာဆုံးဈေးနှုန်းဖြင့် ဆက်လက် ဖြန့်ဖြူးသွားမည်ဖြစ်ရာ ဝယ်ယူလိုသူများအနေဖြင့် DCD အရောင်းပြခန်းတည်ရှိရာ အမှတ် (၅၁–၅၃)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၉၇၃၃၂၊ ၂၉၆၁၂၆ နှင့် အမှတ် (၄၇၃)၊ ၈၂ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့၊ ဖုန်း–၀၂–၃၃၆၅၃ တို့သို့ ဆက်သွယ်နိုင်သည်။ (က–ပ)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၅ ရက်က မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



ညီညွတ်ခြင်းသည်အင်အား

## (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ကြေးမုံသတင်းစာ အထူးကဏ္ဍများ ဖော်ပြမည်

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဖြစ်ပါသည်။

ပြည်ထောင်စုနေ့သည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် နယ်ချဲ့တို့၏ သွေးခွဲသပ်လျှို စည်းရုံးမှုကို တွန်းလှန်ကာ လွတ်လပ်ရေးရယူနိုင်ရေးအတွက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သောနေ့ဖြစ်သည်။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတွင် ပြည်ထောင်စုစိတ်ဓာတ် ဖော်ညွှန်းသော ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံ၊ ကာတွန်း၊ ပြည်နယ်နှင့်တိုင်းများ၏ ယနေ့ကာလ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းဓာတ်ပုံများဖြင့် ဇန်နဝါရီလ ၂၉ရက်မှစတင်၍ ဝေဝေဆာဆာ ဖော်ပြသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

(ကြေးမုံ)






# မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၆

**မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် သုံးထပ်စာကြည့်တိုက်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက် ၇နာရီခွဲတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းတင့်၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းတင့်က မော်လမြိုင်တက္ကသိုလ် စာကြည့်တိုက်သစ် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ၂၈–၁၂–၁၉၉၃ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မော်လမြိုင်တက္ကသိုလ်သို့ လာရောက်စစ်ဆေးခဲ့စဉ်က မော်လမြိုင်တက္ကသိုလ်တွင် ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်နှင့် ရေကူးကန် အဆောက်အအုံများ တည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

ယခုအခါ စာကြည့်တိုက် အဆောက်အအုံမှာ လုံးဝပြီးစီးပြီဖြစ်၍ သုတေသီဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ သုံးစွဲနိုင်သောအခြေအနေသို့ ရောက်ရှိပြီးဖြစ်ကြောင်း။

ဤစာကြည့်တိုက်ကြီးတွင် ဘာသာရပ်ပေါင်းစုံ အကြောင်းအရာနှင့်ပတ်သက်သော စာအုပ်များ Reference books ဟု ခေါ်သော ရည်ညွှန်းစာအုပ်များ၊ Periodicals ဟု ခေါ်သော လစဉ်၊ နှစ်စဉ်ထုတ်သော စာအုပ်များ၊ စာအုပ်စုစုပေါင်း ၁၀၆၉၂၀ ရှိကြောင်း။

### ကက်တလောက်များ ပြုလုပ်ထား

အင်္ဂလိပ်စာအုပ်များအတွက် Subject catalogue, Title catalogue နှင့် Author catalogue များ ပြုလုပ်ပြီးဖြစ်ကြောင်း၊ မြန်မာစာအုပ်များအတွက်မူ Title catalogue နှင့် Author catalogue များ ပြုလုပ်ပြီးဖြစ်ကြောင်း။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁